မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေး ကားလမ်းသစ်

အပိုင်းနှစ်ပိုင်းခွဲ၍ စက်ယန္တရားများဖြင့် ဖောက်လုပ်နေ

နေပြည်တော် ဧပြီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၂၄ရက် မွန်းလွဲပိုင်းတွင် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)နှင့် ကျောက်ဆည်ခရိုင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသော နေပြည်တော်-တောင်ညို-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် (၁၂/၀)မိုင်မှ (၁၇/၄)မိုင်အထိ စက်ယန္တရားများဖြင့် အကျယ် ၄၈ပေရှိ လေးလမ်းသွား ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျွဲရှင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

စပါးတစ်ဧက အထွက်နှုန်းတိုးစေဖို့ မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးကြစို့

* သတင်းခရီးသည် - မြင့်မောင်စိုး
* ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
* စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

မျက်မှောက်ခေတ်သည် ခေတ်မီ တိုးတက်သည့် တောင်သူလယ်သမားတို့ခေတ် ရောက်ရှိလာပြီဖြစ်သည်။ တစ်ချိန်က ကျွဲ၊ နွားများဖြင့် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြရာမှ စက်များသုံး၍ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့က တစ်စတစ်စ အစားထိုးလာပြီဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့် စပါးတို့ကိုလည်း ရွေးချယ်စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

မျိုးသန့်စံပြရွာ

မြန်မာနိုင်ငံ၌ စပါးတစ်ဧက အထွက်နှုန်းတိုးရေးပန်းတိုင်မှာ တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးပင်ဖြစ်သည်။ ဤသို့ ပန်းတိုင်အထွက်နှုန်းရရှိနေသော ဒေသတစ်ခုမှာ သာယာဝတီမြို့နယ်မှ သင်ရိုးကုန်းကျေးရွာအုပ်စုဖြစ်သည်။ ယင်းကျေးရွာအုပ်စု၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မျိုးသန့်စံပြရွာအဖြစ် စပါးမျိုးများ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ပဲခူးတိုင်း သာယာဝတီမြို့နယ် သင်ရိုးကုန်းကျေးရွာအုပ်စုအနီး စိုက်ပျိုးထားသော စပါးမျိုးသန့်စိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးကားလမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးကားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၆ ရက်)

ခေတ်မီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ပညာရေးအခြေခံခိုင်မာရန် ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် ပညာရေးအခြေခံ ခိုင်ခံ့ကောင်းမွန်ရန်လိုအပ်ပေသည်။

ပညာရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ဧပြီလ ၂၃ရက်နေ့က ကျင်းပခဲ့သည်။

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်ပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး မြန်ဆန်သွက်လက်နေသဖြင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူတတ်မြောက်ရေးကို ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ နှစ်ရှည်စီမံကိန်း၏ ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့လွန်မြောက်ခဲ့ပြီး ပဉ္စမနှစ်တို စီမံကိန်းလုပ်ငန်းကို ချမှတ်ဖော်ဆောင်ရမည့် အချိန်ကာလသို့ရောက်ရှိနေပြီဖြစ်သည်။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးအတိုင်းအတာအရ အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ခုရှိခဲ့ရာမှ ယခုအခါ ပြည်ထောင်စုတစ်ဝန်းတက္ကသိုလ်၊ ကောလိပ် ၁၅၉ခုအထိတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်း ၃၃၀၀၀ကျော်ရှိခဲ့ရာမှ ယခုအခါ ၄၀၉၀၀ကျော် တိုးတက်လာခဲ့ပြီဖြစ်သည်။ သင်ကြားရေးအစီအစဉ်များအနေဖြင့် ယခင်က ၇၉ခုသာရှိခဲ့ရာ ယခုအခါ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအပါအဝင် သင်ကြားရေးအစီအစဉ် ၂၁၅ခုအထိ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမဏ္ဍိုင်ဖြစ်သည့် ပညာရေးအခြေခံ ခိုင်ခံ့ကောင်းမွန်ရန် နိုင်ငံတော်က စီမံဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်းလိုက်ပါနိုင်ရန် မျိုးဆက်သစ်လူငယ်များက အားကြိုးမာန်တက် လေ့လာသင်ယူသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အနာထပိဏ်သူဌေးကြီး၏ နောက်ဆုံးမှာတမ်းစကား** တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမဋ္ဌဆရာတော်)]
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၂)
၈:၃၀ Premier League Highlight
၈:၅၅ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခြင်း (စိုင်းသီဟ)
၉:၁၀ ယှဉ်ပြိုင်ဆင်နွဲ မန္တလာမြေမှ ခြင်းလုံးခတ်ပြိုင်ပွဲ
၉:၃၅ Global Panorama
၁၀:၂၅ KOSE' ရဲ့ ရောင်စဉ်ဖြာသောနေ့
၁၀:၄၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၁၁:၀၀ International Show Biz
၁၁:၂၅ ပညာအလင်း···· ထွန်းညှိပေးရာ
၁၁:၄၀ စာအုပ်ပြခန်း (စီးပွားအောင်ခြင်း စာအုပ်ကိုရေးသားသူ ဆရာကြည်ရွှန်းနှင့် တွေ့ဆုံခြင်း)
၁၂:၁၀ မျက်စိအတွင်းတိမ်ရေတိမ်ရောဂါ အကြောင်းသိကောင်းစရာ (ပါမောက္ခ ဒေါက်တာ ထွန်းအောင်ကျော်)
၁၂:၂၅ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ** မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်၊ [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]
၁၂:၄၀ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၁:၀၀ **အနာထပိဏ်သူဌေးကြီး၏ နောက်ဆုံးမှာတမ်းစကား** တရားတော်[ဘဒ္ဒန္တစန္ဒသေန (သုညတမဋ္ဌဆရာတော်)]
၂:၀၀ MRTV-4 သတင်း
၂:၄၅ Celebrity Profile (Avril Lavigne)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၂)
၄:၀၅ မူဟန်ကိုယ်စီ တေးကိုသီ
၄:၁၅ ယှဉ်ပြိုင်ဆင်နွဲ မန္တလာမြေမှ ခြင်းလုံးခတ်ပြိုင်ပွဲ
၄:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၀၅ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခြင်း (စိုင်းသီဟ)
၅:၂၀ ပညာအလင်း···· ထွန်းညှိပေးရာ
၅:၄၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၄၀ စာအုပ်ပြခန်း (စီးပွားအောင်ခြင်း စာအုပ်ကို ရေးသားသူဆရာကြည်ရွှန်းနှင့် တွေ့ဆုံခြင်း)
၇:၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဆရာကြီးမန်းဝင်း** မန်းဝင်း၊ လှဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ၊ [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၇:၂၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (The Best of Melody World 2008)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Celebrity Profile (Avril Lavigne)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၂)
၁၀:၀၀ Music Talk (ဝိစိတြ)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဆရာကြီးမန်းဝင်း** မန်းဝင်း၊ လှဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ၊ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၁၀:၅၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (The Best of Melody World 2008)
၁၁:၂၅ မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း-၁)
၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂၇-၄-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ကဆုန်လပြည့်နေ့ တရားတော်) (၃၈)ဖြာမင်္ဂလာ
၇:၃၀ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (စိတ်ချမ်းသာလိုလျှင်)
၈:၄၀ တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးဖယ်ငါးဆုပ်လုံးကြော်နဲ့ ပန်းပွင့်သနပ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line(Banbino)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် Current Song (20) တေးပဒေသာ
၁၂:၄၀ ပြုံးပဒေသာ (ဟာသကမ္ဘာ-၁၁)
၁:၀၀ မွန်းလွဲပိုင်းသတင်း
၁:၁၀ တေးပဒေသာ
၁:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (မဝရလေအောင် ဂရုစိုက်ပါ)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၃၇)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလှူမိတ်ဆွေ
၁။ ပုံပြင် (၅၀)မှတ်သားဖွယ်-ဦးသန်းထွန်း
၂။ မိသားစုသဘောတူ စီမံချက်-ဦးကျော်ဇေယျ
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ရွှေဖလားကို ငွေနားကွပ်ဖို့မလိုပါ)
၁၉:၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး (မင်းအတွက်-အဖွဲ့) စီးပွားရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကညွတ်ကွင်းတိုက်နယ် ဆေးရုံနှင့် ဖြူးမြို့နယ်ဆေးရုံတို့တွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်ပေးမှု ပြည်သူများ ရရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၉နာရီခွဲတွင် ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ အမျိုးသမီးလူနာဆောင်၊ မီးဖွားပြီးလူနာဆောင်၊ သားဖွားခန်း၊ သီးသန့်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အထူးကြပ်မတ်လူနာခန်း၊ အမျိုးသားလူနာဆောင်၊ ဓာတ်မှန်စက် အသုံးပြုမှု၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာ နေရာချထားမှု၊ လူနာစောင့်များ၊ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံပြုပြင်မွမ်းမံ တည်ဆောက်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ ထိရောက်မှုရှိစေရန် ဖြည့်ဆည်းညှိနှိုင်းပေးသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ဖြူးမြို့နယ် ခတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ အဆောက်အအုံများ ပြုပြင်မွမ်းမံမှုနှင့် တိုးချဲ့ဆောက်လုပ်ရန် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၊ ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များနှင့် ညှိနှိုင်းကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် အစည်းအဝေးခန်းမ၌ ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များနှင့် ဆေးရုံဝန်ထမ်းများအားတွေ့ဆုံ၍ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ပြည်သူများရရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော သီးနှံမျိုးကောင်းမျိုးသန့် ရှာဖွေဖော်ထုတ် ပွားများဖြန့်ဖြူး

အေးသာယာရေလွှဲဆည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အေးသာယာရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၂၂ရက် မွန်းလွဲ ၁နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိရာ သုတေသနခြံမန်နေဂျာက ဆည်ရေသောက်စပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ စပါးအခြေခံစိုက်ပျိုးရေးဆိုင်ရာ ပြဿနာများ ဖြေရှင်းရေး သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် စပါးနှင့်ကုလားပဲသီးနှံ မျိုးသန့် အဆင့်-၁ တို့ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှာဖွေဖော်ထုတ်

ထို့နောက် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူတို့က နိုင်ငံတကာအဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မိုးကောင်းသောက်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေကိုရရှိအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိနေသည့်အပြင် ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော သီးနှံမျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်ကာ ကျယ်ကျယ်ပြန့်ပြန့် ပွားများ ဖြန့်ဖြူးပေးကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခြံအတွင်း နွေရာသီစပါးသုတေသနစမ်းသပ်ကွက်များ၌ စပါးမျိုးသန့် အဆင့်-၁ မျိုးပွားစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ပျော်ဘွယ်မြို့နယ် ယင်းတော်ကန် ပြန်လည်ပြုပြင်သည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကန်ပေါင်မြေသားဖို့ လုပ်ငန်းပြီးစီးမှု၊ ဖို့ပြီးသော တာပေါင်များ ခိုင်ခံ့သပ်ရပ်စေရန် ကျောက်စီနေမှုနှင့် ရေထုတ်ပြွန် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းတော်ကန်မှာ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာအနီး ပဲဒီချောင်းပေါ်၌ တည်ရှိပြီး ကန်ပေါင်အလျား ပေ ၂၄၀၀၀၊ အမြင့်ပေ ၂၀ရှိကာ ရေ ၃၆၆၄၈ဧကပေ ကို သိုလှောင်၍ စိုက်ပျိုးမြေ ဧက၂၄၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် အေးသာယာရွာအနီးရှိ အေးသာယာရေလွှဲဆည်သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လိုအပ်သော စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေး ပြောကြားသည်။

အေးသာယာ ရေလွှဲဆည်မှာ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အေးသာယာရွာအနီး မြင်းကျချောင်းပေါ်တွင်ရှိပြီး အလျား ၁၆၁ပေ၊ အကျယ်ပေ ၆၀နှင့် ရေပေးမြောင်းအရှည် ပေ၃၀၀၀ ရှိကာ အေးသာယာ၊ ရွာသစ်၊ ရေလည်ကွေ့၊ ဧကရာဇ်နှင့် သိန်းတည်ရွာများ၏ မိုးကောင်းသောက်လယ်ဧက ၄၅၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးကားလမ်းသစ် စတင်ဖောက်လုပ်သည့် မိုင်တိုင်အမှတ် (၀/၀)မိုင်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး လမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းအကျယ် ၃၄ပေချဲ့ခြင်းနှင့် လမ်းအနိမ့်အမြင့် ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘုံသာစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဝင်းဖေက နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား-မကွေးကားလမ်းသစ်ကို ကုမ္ပဏီလုပ်ငန်းရှင်အဖွဲ့ ခုနစ်ဖွဲ့၊ လမ်းအထူးအဖွဲ့နှင့် ခရိုင်အဖွဲ့ စုစုပေါင်း အဖွဲ့ကိုးဖွဲ့တို့ဖြင့် လုပ်ငန်းအပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှုနှင့် စက်ယာဉ်ယန္တရားအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေး ကားလမ်း အရှည် (၈၀/၄)မိုင်ကို နေပြည်တော်မှ ရွှေပန်းအထိ (၃၁/၀)မိုင်နှင့် ရွှေပန်းမှ ကံပြားအထိ (၄၉/၄)မိုင် ဟူ၍ နှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားရန်၊ ကတ္တရာလမ်းအကျယ် ၁၂ပေ၊ လမ်းပခုံးတစ်ဖက်လျှင် ၃ ပေစီ၊ မြေသားလမ်း တစ်ဖက် ၈ ပေစီ စုစုပေါင်းလမ်းအကျယ် ၃၄ ပေရရှိအောင် ဆောင်ရွက်ရန်၊ လမ်းဖြောင့်ရန်၊ ပြေရန်၊ သတ်မှတ်အကျယ်ရှိရန်၊ အကွေ့အကောက်အတက်အဆင်း အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ဆောင်ရန်၊ လိုအပ်သည့် စက်ယာဉ်၊ ယန္တရားများ ပြည့်စုံအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်ရန် စသည်ဖြင့်မှာကြားပြီး လမ်းလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့ခုနစ်ဖွဲ့နှင့် ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းမှအဖွဲ့ နှစ်ဖွဲ့တို့အား လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် မိုင်တိုင်အမှတ်(၂၀/၀)၌ လမ်းမြေသားမြင့်နေမှုကို ဖြေရန်နှင့် လမ်းဖြောင့်စေရေး ဆောင်ရွက်ရန်တို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၁/၇)ရှိ ထန်းတပင်ချောင်းနှင့် မိုင်တိုင်အမှတ်(၉/၄-၅)ရှိ ငလိုက်ချောင်းတို့၌ ချောင်းဖြတ်ရေပြွန်များ ဆောင်ရွက်သွားရန်တို့ကိုလည်းကောင်း တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ကိုယ်စားလှယ်အဖွဲ့ ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၂၆ ရက်မှ ၃၀ရက်အထိ ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမိုးသော်နှင့် ဦးဝင်းကို၊ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဦးကောင်းရင်တို့သည် ဧပြီ၂၅ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၂၅

ရေစကြို၌ တိရစ္ဆာန်ကျန်းမာရေးပညာပေးဆွေးနွေး

ရေစကြိုမြို့နယ် မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော ကြက်၊ ဘဲ၊ ဝက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိမြှင့်တင်မှုဖွံ့ဖြိုးရေးလုပ်သားသင်တန်း တိရစ္ဆာန်ကျန်းမာရေး ပညာပေးဆွေးနွေးပွဲကို ဧပြီ ၅ရက်က မွေးမြူရေးနှင့်ရေလုပ်ငန်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ (ဝ၆၉)

လေရှီး၌ စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

လေရှီးမြို့နယ် ရန်နွေးကျေးရွာ ပညာဘဏ်စာကြည့်တိုက်သို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့သည် မတ်၂၈ရက်က စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့်ကိုက်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေးဆွေးနွေးရာ ဆွေးနွေးပွဲသို့ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးမောက်၌ စာကြည့်တိုက်ဆောက်လုပ်ရန် ပစ္စည်းများစုဆောင်း

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လွန်းနန်းထွေးနှင့် အဖွဲ့သည် ဧပြီ၈ရက်နံနက်က ကျောက်စခန်းအုပ်စု လုံဂျာကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံကို အမြန်ဆုံးဆောက်လုပ်နိုင်ရေးနှင့် အဆောက်အအုံဆောက်လုပ်ရန် ပစ္စည်းများစုဆောင်းထားမှုကို ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)

သာစည်၌ ကြက်၊ ငှက် တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း ကြက်၊ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကြက်ဥ၊ ကြက်သားရောင်းချမှုအခြေအနေကို မတ်၂၄ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များ ကြီးကြပ်စစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

လှိုင်ကော်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော

ပြန်ကြားရေးဝန်ကြီးဌာနမိသားစု မီးဘေးအန္တရာယ်ကာကွယ်ရေးဟောပြောပွဲကို ဧပြီ၃ရက်က ကယားပြည်နယ် လှိုင်ကော်မြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်ကျွမ်းစဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပညာပေးဟောပြောသည်။ (ပြည်နယ် ပြန်/ဆက်)

ဝိုင်းမော်မြို့နယ်၌ ဒီတီအိပ်ချ်စလောင်းပေးအပ်

ဝိုင်းမော်မြို့နယ် ဂုယန်ကျေးရွာ အရဏ်သစ်စာကြည့်တိုက်သို့ ဒီတီအိပ်ချ်စလောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဘောမ်ယိန်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ပေးထားသော ဒီတီအိပ်ချ်စလောင်းကို မြို့နယ်ဦးစီးမှူး ဦးဘောမ်ယိန်းက ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးခေါင်လွမ်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေါ့ဖုန်းယန်၌ သက်ကြီးဘိုးဘွားများကန်တော့

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဧပြီ ၁၇ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းတို့ ဦးဆောင်၍ သက်ကြီးဘိုးဘွားများ ကန်တော့ပွဲကျင်းပရာ အမှတ်(၁)ရပ်ကွက်မှ အသက် ၁၀၂နှစ်ရှိ အဘိုး ဦးဒါရှီလနှင့် အသက် ၇၀နှင့်အထက် အဘိုးအဘွား ၂၀တို့အား အာဟာရများ တိုက်ကျွေးပြီး အလှူငွေ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်း အမကကျောင်းသို့ ဂျာနယ်များလှူဒါန်း

မူလတန်းကျောင်းသို့ ဂျာနယ်ပေးအပ်လှူဒါန်းပွဲကို မတ် ၂၅ရက်က ကောလင်းမြို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး ခင်မို့မို့စာပေနှင့် ကြယ်စင်စာပေတို့မှ လှူဒါန်းသော ဂျာနယ်စောင်ရေ ၁၀၀ကို ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု တာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးလှမြိုင်သို့ ပေးအပ်လှူဒါန်းကြသည်။ (ဝ၃၂)

မိုးကောင်းပြည်သူ့ဆေးရုံသို့ သွေးလှူဒါန်း

မိုးကောင်းမြို့ ဇီဝိတဒါနသွေးလှူရှင်များအသင်းက ကြီးမှူး၍ မိုးကောင်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော သွေးလိုအပ်သည့် လူနာများအတွက် အိုသွေး ၁၆ပုလင်း၊ အေသွေး ကိုးပုလင်း၊ ဘီသွေး ၁၅ပုလင်းနှင့် အေဘီသွေး လေးပုလင်း စုစုပေါင်း သွေး ၄၄ပုလင်းကို မတ်လအတွင်း မိုးကောင်းဆေးရုံ၌ လှူဒါန်းကြသည်။ ။ (မြို့နယ် ပြန်/ဆက်)

ရုရှားရဟတ်ယာဉ်များ ပီရူး ဝယ်ယူမည်

လီမာ ဧပြီ ၂၅

ပီရူးနိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေး၌ အသုံးပြုရန် ရုရှားနိုင်ငံမှ ရဟတ်ယာဉ်ရှစ်စင်းဝယ်ယူမည်ဟု ဆုံးဖြတ်ထားကြောင်း ဧပြီ ၂၃ရက်၌ ပီရူးကာကွယ်ရေးဝန်ကြီး ရာဖီးလ်ရီက ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်များကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်မှုလုပ်ငန်းများတွင် ထောက်ပံ့မည်ဖြစ်သည်။

ပြောကြား

အမ်အိုင်-၁၇သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်ခြောက်စင်းနှင့် အမ်အိုင်-၃၅ တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းတို့ကို အမေရိကန်ဒေါ်လာ သန်း၂၅၀ အကုန်အကျခံ ဝယ်ယူမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပီရူးနိုင်ငံ လမ်းပန်းခက်ခဲရာ တောင်တန်းဒေသဖြစ်သည့် အင်းန်နှင့် အပူရီမာတောင်ကြားဒေသတို့၌ မူးယစ်မှောင်ခိုမှုများ ကြီးထွားလျက်ရှိသည်။ **(အင်တာနက်)**

ငြိမ်းချမ်းရေးကိုခြိမ်းခြောက်နေသော နျူလက်နက်များဖျက်သိမ်းရန် ယူဂန္ဒာရောက် အီရန်သမ္မတတိုက်တွန်းပြောကြား

ကမ်ပါလာ ဧပြီ ၂၅

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် ယူဂန္ဒာနိုင်ငံ၌ နှစ်ရက်ကြာနေထိုင်ရန် ကမ်ပါလာမြို့တော်သို့ ဧပြီ၂၃ရက်၌ ရောက်ရှိလာကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

ညွှန့်သည်တော် အီရန်သမ္မတအာမက်ဒီနီဂျက်အား ယူဂန္ဒာသမ္မတမူဆီဗီနီက

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်

သမ္မတနန်းတော်၌ ဧပြီ၂၃ရက်တွင် ကြိုဆိုလက်ခံသည်။

တွေ့ဆုံ

နိုင်ငံအားလုံးအနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းရေးလုပ်ငန်းများတွင် သုံးစွဲခွင့်ရှိကြောင်း၊ ထိုအခွင့်အရေးကို မည်သူမျှ ချေဖျက်၍မရကြောင်း ယူဂန္ဒာသမ္မတမူဆီဗီနီနှင့်တွေ့ဆုံစဉ် အီရန်သမ္မတအာမက်ဒီနီဂျက်က ပြောကြားသည်။

ကြိုးပမ်း

အီရန်နိုင်ငံက နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို ကြိုးပမ်းလျက်ရှိကြောင်း၊ နျူကလီးယားလက်နက်များ အစုအပြုံလိုက်ပိုင်ဆိုင်ပြီး အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည့် နိုင်ငံများအနေဖြင့် နျူကလီးယားလက်နက်များကို ပထမဆုံး ဖျက်သိမ်းရမည်ဖြစ်ကြောင်း အီရန်သမ္မတက ဆက်လက်ပြောကြားလိုက်သည်။ အီရန်နိုင်ငံ၏နျူကလီးယား စွမ်းအင်အစီအစဉ်မှာ နိုင်ငံတကာစာချုပ်များနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယူဂန္ဒာသမ္မတမူဆီဗီနီက ထောက်ခံပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် စူကျိုးမြို့စက်မှုဇုန်၌ စက်ရုပ်ပြပွဲအတွင်း ကျောင်းသားများ ဝင်ရောက်ပြသနေသည်ကို ဧပြီ ၂၅ရက်က တွေ့ရစဉ်။

(အဆိုပါ စက်ရုပ်ပြပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ကျောင်းသားလူငယ် ၁၀၀ နီးပါး ဝင်ရောက်ပြသခဲ့ကြသည်။) **(ဆင်ဟွာဓာတ်ပုံ)**

ရေနံတွင်းတူးစင်ပေါက်ကွဲနစ်မြုပ် အလုပ်သမား ၁၁ဦးပျောက်ဆုံး

ဟူစတန် ဧပြီ ၂၅

မက္ကဆီကိုပင်လယ်ကွေ့အတွင်းရှိ ရေနံတွင်းတူးစင် ပေါက်ကွဲခဲ့ပြီးသည့်နောက် ပျောက်ဆုံးသွားသည့် အလုပ်သမား၁၁ဦးရှာဖွေရေးကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ရပ်ဆိုင်းလိုက်ကြောင်း ဧပြီ ၂၃ရက်တွင် ကြေညာသည်။ (ဓါတ်ပုံ)

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဗင်းနစ်မြို့၏အရှေ့တောင်ပိုင်း ၄၂ကီလိုအကွာရှိ အဆိုပါရေနံတွင်းတူးစင်သည် ဧပြီ၂၀ရက်က ပေါက်ကွဲပြီး ၃၆နာရီခန့်မီးလောင်ကာ မက္ကဆီကို ပင်လယ်ကွေ့အတွင်း နစ်မြုပ်ခဲ့သည်။

လွတ်မြောက်

ရေနံတွင်းတူးစင်ပေါက်ကွဲစဉ် ယင်းစင်ပေါ်၌ ၁၂၆ဦးရှိနေကြသည်။ အများစုမှာ ဘေးမသီရန်မခ လွတ်မြောက်သွားခဲ့ပြီး ၁၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယိုဖိတ်

ရေနံတွင်းတူးစင်ပေါက်ကွဲသဖြင့် ရေနံယိုဖိတ်မှု အကြီးအကျယ်ဖြစ်ခဲ့ရသည်။ သို့ရာတွင် ယခုအခါ ရေနံယိုဖိတ်မှုမရှိတော့ဟု သက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယအာသံပြည်နယ်၌ ရေလွှမ်း ကျေးရွာပေါင်း ၂၅၀ နစ်မြုပ်

နယူးဒေလီ ဧပြီ ၂၅

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ဧပြီ ၂၃ရက် ညပိုင်းက လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းသဖြင့် နှစ်ဦးသေဆုံးကာ လူပေါင်း ၁၅၀၀၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု အင်ဒိုအာရှသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ယင်းလေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်မှ ကျေးရွာပေါင်း ၂၅၀ရေလွှမ်းခံရရာ အိမ်ခြေများစွာပျက်စီးပြီး သစ်ပင်များပြိုလဲကာ လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့သည်။

ယခုနှစ်အတွင်း အဆိုပါဒေသ၌ ဒုတိယအကြိမ်ရေလွှမ်းခြင်းဖြစ်ပြီး ယခင်လအတွင်းကလည်း ရေလွှမ်းခဲ့သေးသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီးနိုင်ငံနှင့် ကာရစ်ဘီယံအသိုက်အဝန်း ပထမဆုံး ထိပ်သီးအစည်းအဝေးကျင်းပမည်

ဘရာဆီးလီးယား ဧပြီ ၂၅

ဘရာဇီးနိုင်ငံနှင့် ကာရစ်ဘီယံအသိုက်အဝန်း(ကာရီကွမ်) ပထမဆုံးထိပ်သီးအစည်းအဝေးကို ဧပြီ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်ဖက်ဆိုင်ရာနှင့် ဒေသဆိုင်ရာဆက်ဆံရေး အခြေအနေများကိုဆွေးနွေးကြမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၂ရက်၌ ကြေညာသည်။

အဆိုပါအစည်းအဝေးက ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်း၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အလေးထား သုံးသပ်ကြမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံနှင့် ကာရီကွမ်အကြား နိုင်ငံရေးအရ မကြာခဏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ယင်းအစည်းအဝေးတွင် ထူထောင်ဖွဲ့စည်းဖွယ်ရှိသည်။

ဆွေးနွေး

ဟေတီနိုင်ငံတွင် မြေငလျင်လှုပ်ပြီးနောက် ပြန်လည်တည်ဆောက်ရေး ကိစ္စကိုလည်း အစည်းအဝေးတွင် ဆွေးနွေးကြမည်ဖြစ်သည်။ ကာရီကွမ်ကို ၁၉၇၃ခုနှစ်၌ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့တွင် ၁၄နိုင်ငံ ပါဝင်ကြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဟီဖာလမ်းအနီး ကားဗုံးပေါက်ကွဲသဖြင့် ပျက်စီးသွားသော အဆောက်အအုံများကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီကွေဒေါပြည်သူ နှစ်သိန်းကျော် A (H1N1)တုပ်ကွေး ကာကွယ်ဆေးထိုးပေး

ကွီတို ဧပြီ ၂၅

အီကွေဒေါနိုင်ငံ၌ A (H1N1) တုပ်ကွေးရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုကို ဧပြီလအတွင်းက စတင်ပြုလုပ်ခဲ့ပြီးနောက် အီကွေဒေါပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက လူ၂၀၀၀၀၀ကျော်ကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း ဧပြီ၂၃ရက်၌ ပြောကြားသည်။ အဆိုပါကျန်းမာရေးဝန်ကြီးဌာနက နာတာရှည်အဖျားရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကဲ့သို့သော အုပ်စုများအတွက် A (H1N1) တုပ်ကွေးကာကွယ်ဆေး၂၀၄၄၃၆လုံး ထိုးပေးခဲ့သည်ဟု ယင်းဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ဆိုးကျိုး

ယခုအချိန်အထိ ကာကွယ်ဆေးထိုးမှုကြောင့် ပြည်သူများအတွင်း အန္တရာယ်ရှိသည့် ဘေးထွက်ဆိုးကျိုးမရှိသေးကြောင်း၊ တုပ်ကွေးရာသီချိန်ရောက်တိုင်း မိမိတို့နိုင်ငံတွင် ယင်းကာကွယ်ဆေးကို ဘေးထွက်ဆိုးကျိုးမရှိဘဲ လေးနှစ်တိုင်တိုင်သုံးစွဲခဲ့ကြောင်း ကြေညာချက်၌ပါရှိသည်။

(အင်တာနက်)

မျက်နှာပြင်တစ်ခုလုံး အစားထိုးကုသမှု စပိန်ဆရာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်

ဘာစီလိုနာ ဧပြီ ၂၅

ကမ္ဘာ့ပထမဆုံး မျက်နှာပြင်တစ်ခုလုံး အစားထိုးကုသခြင်းကို စပိန်ခွဲစိတ်ဆရာဝန်များက အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဧပြီ ၂၄ ရက်က အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ***(ယာပုံ)***

မျက်နှာအစားထိုးကုသမှုဆိုင်ရာ စပိန်ဆရာဝန် ၃၀ ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် ၂၀၁၀ခုနှစ် မတ်၂၀ရက်က သေနတ်ဖြင့်ပစ်ခတ်ခံရ၍ မျက်နှာတစ်ခုလုံး ထိခိုက်ပျက်စီးသွားသော အမျိုးသားတစ်ဦးအား ဘာစီလိုနာဆေးရုံ၌ အောင်မြင်စွာ ကုသပေးလိုက်ခြင်းဖြစ်သည်။ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ ထိခိုက်ဒဏ်ရာရရှိသွားသော အဆိုပါအမျိုးသားသည် မျက်နှာတစ်ခုလုံးရှိ အရေပြားများ ပျက်စီးသွားသည်။ ထို့အပြင် ပါးရိုးများ၊ နှာခေါင်း၊နှုတ်ခမ်းနှင့်သွားများ၊ မျက်နှာကြွက်သားများလည်းပျက်စီးသွားခဲ့သည်ဟုဆိုသည်။

ယင်းလူနာအား စပိန်ဆရာဝန်များက ၂၂ နာရီကြာ မျက်နှာတစ်ခုလုံးအစားထိုးကုသခဲ့ပြီးနောက် ပုံမှန်မျက်နှာအနေအထားသို့ ရောက်ရှိလာကြောင်း ဗယ်ဒီဟာဘရွန်းဆေးတက္ကသိုလ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း မျက်နှာအစားထိုးကုသမှု ၁၀ခု ဆောင်ရွက်ခဲ့ရာ ယခုခွဲစိတ်မှုမှာ အရှုပ်ထွေးဆုံးဖြစ်ကြောင်း စပိန်ဆရာဝန်များက ပြောကြားသည်။ ***(အင်တာနက်)***

ကွန်ဒုဇ်ပြည်နယ်၌ လေကြောင်းတိုက်ခိုက်မှု တာလီဘန်စစ်သွေးကြွ ၁၃ ဦးသေဆုံး

ကွန်ဒုဇ် ဧပြီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်၌ ဧပြီ ၂၃ ရက်ညပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ၎င်းတို့၏ တပ်မှူးဟမ်ဇာကန်အပါအဝင် တာလီဘန် စစ်သွေးကြွ ၁၃ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်အဖွဲ့က ဧပြီ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဗုံးကြဲ

ယင်းတိုက်ခိုက်မှုတွင်နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ကြိုးပမ်း

တာလီဘန်စစ်သွေးကြွများ ကြီးစိုးရာ အာဖဂန်တောင်ပိုင်းဒေသမှ တည်ငြိမ်အေးချမ်းလျက်ရှိသည့် အာဖဂန်မြောက်ပိုင်းပြည်နယ်များ၊ အထူးသဖြင့် ကွန်ဒုဇ်နှင့် ဘာဂလန်ပြည်နယ်များသို့ ထိုးဖောက်ဝင်ရောက်ရန် စစ်သွေးကြွများက ကြိုးပမ်းကြသည်။

ပိုမိုများပြား

ကွန်ဒုဇ်နှင့် ဘာဂလန်ပြည်နယ်များသည် ၂၀၀၉ ခုနှစ် အစောပိုင်းကာလအထိ ငြိမ်းချမ်းလျက်ရှိခဲ့ရာမှ ယခုအခါ တာလီဘန်အုံကြွမှုများ ပိုမိုများပြားလာခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ နည်းပညာပြတိုက်၌ တိုယိုတာနည်းပညာပန်းခြံအတွင်း လာရောက်ကြည့်ရှုလေ့လာသူများကို ဧပြီ ၂၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်၌ ဂုန်နီ ပိုမိုထုတ်လုပ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်နေ

ဒါကာ ဧပြီ ၂၅

နိုင်ငံတကာဈေးကွက်၌ ဂုန်နီနှင့်ဂုန်နီထွက်ပစ္စည်းများ ဝယ်လိုအားကောင်းလာသဖြင့် တိုးမြှင့်ထုတ်လုပ်ရေး အစီအစဉ်များကို ဘင်္ဂလားဒေ့ရှ်အစိုးရက အမြန်ချမှတ်လျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၂၃ရက်က ဖော်ပြထားသည်။

လက်ရှိလည်ပတ်နေသည့် ဂုန်နီစက်ရုံများ ခေတ်မီစေရန်နှင့် ပြန်လည်ပြုပြင်နိုင်ရန်အတွက် အပိုပစ္စည်းမှာယူရန် တာကာ သုံးဘီလီယံ (အမေရိကန်ဒေါ်လာ ၄၂ဒသမ ၈၆သန်း) အသုံးပြုမည်ဖြစ်သည်ဟု အင်ဒီပင်းဒင့်အင်္ဂလိပ်သတင်းစာက ရေးသားသည်။

လက်မှတ်ရေးထိုး

ဂုန်နီထုတ်လုပ်ရေးအတွက် ဂုန်နီစက်ရုံမှဝန်ထမ်းများအား လိုအပ်သည့်လေ့ကျင့်မှုများ ဖြည့်ဆည်းပေးသည့် ကျွမ်းကျင်လုပ်သား အစီအစဉ်ဆိုင်ရာ သဘောတူညီချက်ကို ဘင်္ဂလားဒေ့ရှ် ဂုန်နီထုတ်လုပ်ရေးအသင်းက အစိုးရမဟုတ်သည့်အဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုအခါ ဂုန်နီစက်ရုံ ၁၄၅ရုံရှိပြီး ၂၇ရုံသည် ဘင်္ဂလားဒေ့ရှ်ဂုန်နီစက်ရုံ ကော်ပိုရေးရှင်းအောက်တွင်ရှိသည်။ (အင်တာနက်)

ချုကလီးယားလက်နက်ဖျက်သိမ်းရေး ဟီရိုရှီးမားနှင့် နာဂါစကီမြို့တော်ဝန်များတိုက်တွန်း

ဟီရိုရှီးမား ဧပြီ ၂၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပမည့် ချုကလီးယားမပြန့်ပွားရေး စာချုပ်(အန်ပီတီ)ပြန်လည်သုံးသပ်ရေးညီလာခံတွင် ချုကလီးယားလက်နက်ဖျက်သိမ်းရေးကို တွန်းအားပေးကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့တော်ဝန်များဖြစ်ကြသည့် တာဒါတိုရှီအဘီဘာနှင့် တိုမီဟီဆာတို့က ပြောကြားလိုက်သည်။

ပါဝင်ဆင်နွှဲ

ထို့အပြင် ညီလာခံရပ်နားစဉ် ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများ၏ ဆန္ဒပြချီတက်ပွဲကိုလည်း မြို့တော်ဝန်နှစ်ဦး ပါဝင်ဆင်နွှဲမည်ဟု ပြောကြားသည်။

ဖျက်သိမ်း

နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း လုံခြုံမှုရှိစေရေးအတွက် ချုကလီးယားလက်နက်များ ဖျက်သိမ်းပစ်ရန်လိုအပ်ကြောင်း နာဂါစကီမြို့တော်ဝန်တိုမီဟီဆာက ပြောကြားသည်။

အမေရိကန်နိုင်ငံက ဟီရိုရှီးမားနှင့် နာဂါစကီမြို့နှစ်မြို့ကို ၁၉၄၅ခုနှစ် ဩဂုတ်၆ရက်နှင့် ၉ရက်တို့တွင် အဏုမြူဗုံးတစ်လုံးစီကြဲချခဲ့သည်။ (အင်တာနက်)

သဘာဝဘေးအန္တရာယ်သတင်း

မစ္စစ္စပီတွင် လေဆင်နှာမောင်းမွှေနှောက် ဒဏ်ရာရ ထိခိုက်သေကျေမှုများဖြစ်ပေါ်

ဘာသာပြန်သတင်းမှတ်စု - မြင့်မောင်စိုး | စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)

မစ္စစ္စပီ ဧပြီ ၂၅

ဧပြီနှင့်မေလတို့သို့ ရောက်ပြီဆိုလျှင် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မုန်တိုင်းရာသီအဖြစ် ကူးပြောင်းရောက်ရှိလာခဲ့ပြန်ပြီ။

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင်များ ပူနွေးလာမှုကြောင့် မုန်တိုင်းများဖြစ်ပေါ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိပေသည်။

သေဆုံး

မုန်တိုင်းများအကြောင်းတွေးတောနေဆဲမှာပင် အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်တွင် လေဆင်နှာမောင်းဝင်ရောက်မွှေနှောက်တိုက်ခိုက်၍ ၁၀ဦးထက်မနည်း သေဆုံးသွားသည့် သတင်းကို ဖတ်ရှုလိုက်ရသည်။

အပြင်းထန်ဆုံး

ယင်းလေဆင်နှာမောင်းသည် အဆိုပါပြည်နယ်ကို ဧပြီ၂၄ရက် ညပိုင်းက စတင်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်၏ တောင်ပိုင်းကို ဦးတည်တိုက်ခတ်ခဲ့ခြင်း ဖြစ်သည်။ လေဆင်နှာမောင်းဒဏ်အပြင်းထန်ဆုံးခံရသောဒေသမှာ အဆိုပါပြည်နယ်ရှိ ရာဇူးမြို့ ဖြစ်သည်။ နေအိမ်အများအပြားပြိုကျပျက်စီးခဲ့ပြီး သစ်ပင်ကြီးများလည်း လဲကျခဲ့သည်။ လေဆင်နှာမောင်း၏ ရစ်ပတ်ဆွဲမြောက်အားကြောင့် မောင်းနေဆဲမော်တော်ယာဉ်များ ပိုးလိုးပက်လက်ဖြစ်ကုန်၏။ နေအိမ်များအတုန်းအရုန်းဖြစ်ကုန်သည်။

ပျက်စီး

ထို့အပြင် လေဆင်နှာမောင်း၏ တိုက်ခတ်အားကြောင့် လမ်းဘေးမီးတိုင်များ၊ မဟာဓာတ်အားလိုင်းများ ယိုင်လဲကုန်ပြန်သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး မြင်ရက်စရာ၊ ရှုရက်စရာမရှိ။ အလုံးစုံသည် ပရမ်းပတာ ပျက်စီးကုန်သည်။

စတင်ဆောင်ရွက်

အဆိုပါလေဆင်နှာမောင်း၏ ပမာဏသည် အလွန်ကြီးပေသည်။ အကျယ်အဝန်း ၁ဒသမ၆ကီလိုမီတာ ကျယ်ဝန်းသည်။

လေဆင်နှာမောင်း ဖြစ်ပေါ်ရာရပ်ဝန်း။ (အင်တာနက်ဓာတ်ပုံ)

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အချို့သောဒေသ၌ မိုးများ သည်းထန်စွာ ရွာသွန်းခဲ့သည်။ ၎င်းမုန်တိုင်းကြောင့် ပြည်နယ်အတွင်းရှိ ဒေသ ၁၇ခုမှာ အရေးပေါ်အခြေအနေကြေညာထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

အနည်းငယ်ထိခိုက်

ယင်းလေဆင်နှာမောင်းသည် မစ္စစ္စပီအပြင် အနီးရှိလူဝီစီယားနား၊ အာကန်ဆက်နှင့် အလာဘားမားပြည်နယ်များ၌လည်း အနည်းငယ် ထိခိုက်မှုရှိကြောင်း သိရသည်။

မုန်တိုင်းအန္တရာယ်

အထက်ဖော်ပြပါ မုန်တိုင်းသတင်းကို လေ့လာသုံးသပ်ခြင်းအားဖြင့် မုန်တိုင်းရာသီကာလအတွင်း ပြည်သူတို့သည် မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်မှုများ သတိပြုသင့်ပါကြောင်း သတင်းမှတ်စုအဖြစ် ကိုးကားတင်ပြလိုက်ရပါသည်။ ။

ကိုးကား- အင်တာနက်

*လေဆင်နှာမောင်းတိုက်ခိုက်၍ မော်တော်ယာဉ်များ တိမ်းမှောက်နေသည်ကိုဤသို့တွေ့ရသည်။ **(အင်တာနက်ဓာတ်ပုံ)***

နောက်ဆုံးရနိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီသီယိုးပီးယားမြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးမြို့တွင် ဧပြီ ၂၅ရက်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး လူ ၂၀ခန့်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တီဂရေးမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ဒိန်းမတ်လေဆိပ်များ ပြန်လည်ဖွင့်လှစ်

အိုက်စလန် မီးတောင်ပေါက်ကွဲမှုမှ လွင့်ပျံ့နေသော ပြာမှုန်နှင့်မီးခိုးများ ကင်းရှင်းမှုအနေအထားရှိလာသဖြင့် ဒိန်းမတ်လေကြောင်းလိုင်းများနှင့် လေဆိပ်များကို ဧပြီ ၂၅ရက်မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒိန်းမတ်လေကြောင်းအရာရှိများက သတင်းထုတ်ပြန်သည်။

နီပေါ၌ ငှက်ဖျားရောဂါဖြစ်ပွားသူ သန်း ၂၀ခန့်ရှိ

နီပေါနိုင်ငံ၏ ခရိုင် ၆၅ခရိုင်တွင် လူသန်း ၂၀ခန့် ငှက်ဖျားရောဂါခံစားနေရကြောင်း၊ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

အိုက်စလန်၌ မီးတောင်ပြာမှုန်များကြောင့် စိုးရိမ်ရ

အိုက်စလန်မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ပြာမှုန်များ ကျဆင်းနေချိန် ဧပြီ ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်ယာမြေများအတွင်း မြေဆီလွှာပျက်စီးမှုများရှိနိုင်သဖြင့် အိုက်စလန်တောင်သူများ စိုက်ပျိုးမြေအတွက် စိုးရိမ်နေရကြောင်း အိုက်စလန်အရာရှိများက ဧပြီ ၂၅ ရက်၌ ပြောကြားသည်။

နယူးဇီလန်မြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

နယူးဇီလန်နိုင်ငံမြောက်ပိုင်း ဝယ်လ်လင်တန်မြို့အနီးတွင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ဧပြီ ၂၅ရက် နံနက်က မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူသုံးဦးသေဆုံးခဲ့ကြောင်း နယူးဇီလန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ပြန်ပေးဆွဲခံရသူ ဂျာမန်နှစ်ဦးပြန်လွှတ်လာ

နိုင်ဂျီးရီးယားနိုင်ငံ အဘီးရားပြည်နယ်တွင် မကြာသေးမီရက်များက ပြန်ပေးဆွဲခံထားရသည့် ဂျာမန်အမျိုးသမီးနှစ်ဦးအား နိုင်ဂျီးရီးယားလက်နက်ကိုင်များက ဧပြီ ၂၄ ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း နိုင်ဂျီးရီးယားအရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ ခြင်ထောင်များဖြန့်ဝေ

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံတစ်ဝန်းငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ခြင်ထောင်အလုံး ၂ ဒသမ ၅ သန်းကို ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားတွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၂၀၀၈ ခုနှစ်၌ ၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်၌ ၈၃၀၀၀ အထိ တိုးမြင့်လာသဖြင့် ယခုကဲ့သို့ ခြင်ထောင်များ ဖြန့်ဝေရခြင်း ဖြစ်သည်ဟု ကမ္ဘောဒီးယားကျန်းမာရေးအရာရှိများက ဧပြီ ၂၅ရက်၌ ပြောကြားသည်။

(အင်တာနက်)

ကျေးလက်အရောက် ကျန်းမာရေးစောင့်ရှောက်မှု ခရီးတစ်ထောက်

❖ သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

စေတနာခရီးစဉ် လှိုင်သာယာ-ပုသိမ် အမှတ် (၅) ကတ္တရာလမ်းမကြီးက ဖြောင့်ဖြူးလှသည်။ လမ်းမကြီးမှာ တောင်ဘက်သို့ ခွဲထွက်လျှင် ဒလ-တွံတေးသွားကတ္တရာလမ်းနှင့် ဆက်မိသည်။ ယခင်က ရန်ကုန်မြို့နှင့် မဝေးလှသော တွံတေးမြို့သို့သွားလိုလျှင် ရန်ကုန်မြစ်ကိုဖြတ်ကူးပြီး ဒလမြို့သို့ရောက်ရှိပြီးမှ သွားရသည်။ အချိန်ကုန်ပြီး ခရီးကြန့်ကြာသည်။ အမြင်နီးသော်လည်း ခရီးဝေးခဲ့သည်။ ယခုမူ ဤသို့ မဟုတ်တော့ပြီ။ ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်၏ ပြယုဂ်များဖြစ်သည်။ မြစ်ကူးတံတားကြီးများကြောင့် အမြင်နီးသည့် ခရီးသည်လည်း မဝေးတော့ပြီ။ ပန်းလှိုင်တံတားနှင့် တွံတေးတံတားနှစ်စင်းကျော်လျှင် လှိုင်သာယာနှင့် ၁၉မိုင်သာဝေးသော တွံတေးမြို့သို့ အချိန် ၄၅မိနစ်မျှဖြင့် ရောက်နိုင်ပေပြီ။

ပြီးခဲ့သော မတ်လ ၂၈ရက်က ဖြစ်ပါ၏။ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေး၊ အတွင်းရေးမှူး ဒေါက်တာဒေါ်မြတ်လေးကျင်နှင့် အထူးကုဆရာဝန်ကြီးများပါဝင်ကာ တွံတေးမြို့နှင့် ပတ်ဝန်းကျင် ကျေးလက်နေပြည်သူများအတွက် ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်မှု အခမဲ့ဆေးကုသပေးရန် ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ နံနက် ၈နာရီခန့်တွင် တွံတေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကြူခိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာကြီးအောင်နှင့် လူမှုရေးအဖွဲ့ဝင်များက ကြိုဆိုကြသည်။ ဆေးကုသမှုခံယူရန် စောင့်ဆိုင်းနေကြသည့် ဝေဒနာရှင်လူနာများကလည်း အသင့်ကြို ရောက်ရှိနေကြမှုကို တွေ့မြင်ရသည်။

“ကျေးလက်အရောက် လက်တွေ့ကွင်းဆင်း အခမဲ့ ဆေးဝါးကုသပေးခြင်းဖြစ်ပါတယ်။”

ဒေါက်တာဒေါ်ခင်မာအေး
ဥက္ကဋ္ဌ၊ အမျိုးသမီးဆရာဝန်များအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)

ဆေးညွှန်ကြားမှုပေး

တွံတေးမြို့ ဆေးရုံအတွင်း ကုသပေးမည့် ရောဂါဆိုင်ရာ ကဏ္ဍအလိုက် အခန်းငယ်များ ခွဲခြားပေးထားသည်။ အထွေထွေရောဂါကု အဖွဲ့ခေါင်းဆောင် ဒေါက်တာရီရီမြင့်နှင့်အဖွဲ့၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြစန္ဒာခိုင်နှင့်အဖွဲ့၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင်းရီနှင့်အဖွဲ့၊ အကြောအဆစ်အထူးကုဆရာဝန်ကြီး ဒေါက်တာပန်ဒိုရာအောင်ကြီးနှင့် ဒေါက်တာဒေါ်သန်းသန်းဌေးအဖွဲ့၊ သမားတော်ကြီးပါမောက္ခ ဒေါ်ခင်မေအုန်းနှင့်အဖွဲ့၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သောင်းသောင်းဆိုင်နှင့် ဒေါက်တာဒေါ်စောသိန်းအဖွဲ့၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါ်မြမြအုန်းနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ခင်ဝင်းသန်းနှင့်အဖွဲ့၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ခင်သိန်းဦးနှင့် ဒေါက်တာဒေါ်တင်မိမိအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန် ဒေါက်တာဒေါ်သီတာရွှေနှင့်အဖွဲ့တို့က ရောဂါမျိုးစုံ လူနာ၂၇၀ကို လူနာကုန်သည်အထိ အခမဲ့ စမ်းသပ်စစ်ဆေးကုသကာ ဆေးဝါးများပါ အခမဲ့ပေးဝေခဲ့သည်။ ကြည်နူးပီတိဖြစ်စရာ မြင်ကွင်းပင် ဖြစ်သည်။ အချို့ ခွဲစိတ်လူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးများသို့ လာရောက် ဆက်လက်ကုသရေးအတွက် ဆေးညွှန်ကြားမှုများ ပေးခဲ့သည်။

စေတနာအလှ

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက “ကျေးလက်နေပြည်သူများအတွက် အထူးကု ဆရာဝန်ကြီးများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အခမဲ့ ဆေးဝါးကုသမှုခံယူစေနိုင်ဖို့ အတွက်က အဓိကပါ။ လိုအပ်တဲ့လူနာတွေကို ရန်ကုန်ကို ရက်ချိန်းပေး ခေါ်ယူပြီး ဆက်လက်ကုသပေးမှာပါ။ နောက်တစ်ခုက ကျန်းမာရေးပညာပေးဟောပြောခြင်းပါပဲ။ မိမိအိမ်သားတွေ၊ နောက်ပြီး ပတ်ဝန်းကျင်၊ နောက်ပြီး ကျေးရွာတစ်ရွာလုံး တစ်ဆင့်ပြီးတစ်ဆင့် ကျန်းမာရေးဆိုင်ရာ အသိပညာတွေ ဆင့်ပွားလာစေဖို့ လူမှုရေး အဖွဲ့အစည်းတွေကို ဟောပြောပွဲကျင်းပပေးခြင်းဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်ကတော့ တစ်နှစ်တာလုပ်ဆောင်ရမယ့် လုပ်ငန်းဇယားအတိုင်း ကျေးလက်များသို့ ကွင်းဆင်း အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဆေးဝါးလှူဒါန်းခြင်း၊ ရောဂါများစမ်းသပ်ကြည့်ရှုကုသပေးခြင်းတို့နှင့်အတူ ပရဟိတကျောင်းများ၊ သီလရှင် စာသင်တိုက်များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားမှာဖြစ်ပါတယ်”ဟု ရှေ့လုပ်ငန်းစဉ်များ ရှင်းပြသည်ကိုလည်း အားရဝမ်းသာစွာ သိရှိခဲ့ရသည်။ ဆရာဝန်ကြီးများ၏ ဖြူစင်သော စေတနာအလှများပင် ဖြစ်သည်။

ကလေးအထူးကု ဆရာဝန်ကြီးများကလည်း လူနာ ၃၃ဦးအား ကျန်းမာရေး ဆေးကုသပေးခဲ့သည်။

အကြောအဆစ်ဆိုင်ရာ ဝေဒနာရှင်ကလေးငယ်အား စစ်ဆေးကုသပေးနေစဉ်။

မုဒိတာပွား

မွန်းတည့် ၁၂နာရီတွင် မြို့နယ်နှင့် ကျေးရွာများရှိ ကြိုတင်ဖိတ်ကြားထားသော လူမှုရေးအဖွဲ့အစည်းဝင် ၁၅၀ကျော်တို့အား အမျိုးသမီးဆရာဝန်များအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နုနုဆွေက ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း သိကောင်းစရာများကို အချိန်တစ်နာရီခန့် အသိပညာပေး ဟောပြောပို့ချပေးခဲ့သည်။ တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူနာ ၂၇၀အား အမျိုးသမီးဆရာဝန်အဖွဲ့ ရောဂါဗေဒဆိုင်ရာ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့ဝင် ၃၇ဦးတို့က အဖွဲ့လုပ်ငန်းစဉ်အတိုင်း မေတ္တာ၊ စေတနာ အပြည့်ဖြင့် အခမဲ့ဆေးဝါးများပေးပြီး ကုသပေးခြင်းကို မုဒိတာပွား၍ မြင်တွေ့ခဲ့ရပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်းကို ဒေါက်တာဒေါ်နုနုဆွေက ဟောပြောပို့ချ ဆွေးနွေးခဲ့သည်။

အထွေထွေရောဂါကု အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ရီရီမြင့်နှင့် အဖွဲ့ကလည်း ရောဂါမျိုးစုံ လူနာများအား ဤသို့ စမ်းသပ်စစ်ဆေးကာ ဆေးဝါးကုသပေးခဲ့ကြသည်။

နား ဝေဒနာရှင် အမျိုးသမီးအား စစ်ဆေးကုသပေးနေစဉ်။

တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူနာ ၂၇၀အား အမျိုးသမီးဆရာဝန်အဖွဲ့ ရောဂါဗေဒဆိုင်ရာ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့ဝင် ၃၇ဦးတို့က အဖွဲ့လုပ်ငန်းစဉ်အတိုင်း မေတ္တာ၊ စေတနာ အပြည့်ဖြင့် အခမဲ့ ဆေးဝါးကုသ။

❍ *ကျော့ဖုံးမှ*

သယ်ယူနိုင်

ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီ၊ မြိတ်မြို့တို့မှ ပုလော၊ ပလောက်၊ သရက်ချောင်း၊ ထားဝယ်၊ ရေဖြူ၊ ကလိန်အောင်၊ ရေး၊ လမိုင်း၊ မုဒုံ၊ သံဖြူဇရပ်၊ မော်လမြိုင်၊ ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထို-ဝေါ၊ ပဲခူး၊ ရန်ကုန်မြို့များသို့ မော်တော်ကားများဖြင့် နေ့ညမရွေးသွားလာနိုင်သကဲ့သို့ ရေကြောင်းခရီးစဉ်ဖြင့်သာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောခရီးစဉ်ဖြင့် မြိတ်မြို့မှ ကော့သောင်းမြို့သို့လည်းကောင်း၊ မြိတ်မြို့မှ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်မြို့သို့ ဟားခါးသင်္ဘော၊ မြစ်ကြီးနားသင်္ဘော၊ တောင်ကြီးသင်္ဘောများအပြင် သံလွင်၊ ချင်းတွင်း၊ စစ်တောင်း အဆင့်မြင့် အမြန်သင်္ဘောကြီးများဖြင့်လည်းကောင်း ခရီးသွားလာနိုင်ပြီး စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကိုလည်း သယ်ယူပို့ဆောင်နိုင်ကြသည်။

"အခမဲ့ ရေနဲ့မီး သုံးစွဲလို့ရအောင် ဆောင်ရွက်ပေးနေပါတယ်"
ဒါရိုက်တာ ဦးလှသန်း။

"အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပါတယ်"
ဒါရိုက်တာ ဦးတင်အုန်း။

ဖွံ့ဖြိုးစည်ပင်

ယခုအခါ မြိတ်မြို့မှ ကော့သောင်းမြို့နှင့် ထားဝယ်မြို့များသို့ ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် ရေမိုင် ၁၀၀ခရီးကို နှစ်နာရီခန့်ဖြင့် သွားလာနိုင်ကြပေပြီ။ လေကြောင်းခရီးစဉ်ဖြင့်ဆိုလျှင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထားဝယ်လေဆိပ်သို့ ၄၅မိနစ်၊ မြိတ်လေဆိပ်သို့ ၁နာရီ ၁၀မိနစ်နှင့် မြိတ်လေဆိပ်မှ ကော့သောင်းလေဆိပ်သို့ ၃၅မိနစ်အတွင်းရောက်ရှိအောင် ခေတ်မီလေယာဉ်ကြီးများ ပျံသန်းပြေးဆွဲလာနိုင်ခြင်းသည် မြန်မာပြည် တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသ၏ မြိတ်ကျွန်းစုတစ်ခွင် ဖွံ့ဖြိုးစည်ပင်တိုးတက်လာခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။

"မြို့ညီနောင်များဖြစ်ကြတဲ့ ထားဝယ်၊ ကော့သောင်းနှင့် မြိတ်မြို့တို့ဟာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် အစ်ကိုမြို့ကြီးများနည်းတူ ခံ့ညားထည်ဝါ ဖွံ့ဖြိုးတိုးတက်လာအောင် အင်အားအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့တဲ့အတွက် ဖွံ့ဖြိုးတိုးတက်လာတာကို အထင်အရှားတွေ့နိုင်ပါတယ်။ စီးပွားရေးတိုးတက်လာတော့ လူမှုရေးလည်း တိုးတက်လာသလို စီးပွားရေးလုပ်ငန်းများဖြစ်တဲ့ ဆီအုန်းစိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေး၊ သစ်မာစိုက်ပျိုးရေး၊ ယူကလစ်ပင်စိုက်ပျိုးရေး၊ ကြက်ဆူပင်စိုက်ပျိုးရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ငါး၊ ပုစွန် ကုန်ချောထုတ်လုပ်ရေးလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ စက်မှုဇုန်လုပ်ငန်း၊ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်း အချောကိုင်လုပ်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာတော့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးတိုးတက်လာခဲ့ပါတယ်"ဟု တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်အောင်က ရှင်းပြသည်။

"ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်နဲ့ တနင်္သာရီတိုင်း ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း တစ်နာရီ တန် ၁၀၀၀ကျ အအေးခန်းစက်ရုံစီမံကိန်းကို ပထော်ပထက်တောင် ညီနောင်ကြားတွင် ၁၉၉၀ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ မြိတ်မြို့၊ ကျွန်းစုမြို့၊ ဘုတ်ပြင်းမြို့၊ ကော့သောင်းမြို့တို့က ဒေသခံလုပ်ငန်းရှင်တွေ စုစည်းပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်းလုပ်ငန်း၊ ရေချိုရေငန် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ ဦးအောင်လွင်က ပြောကြားသည်။

လုပ်ငန်းများ

"၂၀၀၉ခုနှစ် ကမ်းနီးကမ်းဝေး ငါးဖမ်းရာသီအတွင်း ပြည့်ဖြိုးထွန်းကုမ္ပဏီမှ တနင်္သာရီတိုင်းအတွင်း လျာထား သတ်မှတ်ချက်ပြည့်မီအောင် ငါး၊ ပုစွန်များကို ထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးအနေနဲ့လည်း ဆီအုန်းပျိုးပင်ပေါင်း ၈၅၀၀၊ ရော်ဘာပင် ၁၈၈၈၅၀၊ ယူကလစ်ပင် ၅၅၀၀၀၀၊ သစ်မာပင် ၉၈၅၂၀၀ စိုက်ပျိုးထားပါတယ်။ မြေသားလမ်း ၈၀ ဒသမ ၅၅ မိုင်၊ ကျောက်ခင်းလမ်း ၂၃ မိုင် စုစုပေါင်း ၁၀၃ မိုင်ကိုလည်း ခင်းပြီးပါပြီ။ ရေလုပ်ငန်းနဲ့ သစ်တောစိုက်ခင်း

တနင်္သာရီတိုင်းအတွင်း ရော်ဘာလုပ်ငန်းများလည်း တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိရာ ရော်ဘာထုတ်လုပ်ရေး စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဤသို့ တွေ့ရသည်။

ခြံလုပ်သားမိသားစုများရဲ့ ကလေးငယ်များ ပညာရေးအတွက် အခြေခံပညာရေး အလယ်တန်းကျောင်းနှင့်တွဲဖက်လျက် မူလတန်း ကျောင်းတစ်ကျောင်း ထားရှိပေးပါတယ်။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍမှာတော့ ဆေးပေးခန်း ငါးခန်း၊ ကြက်ခြေနီကားတစ်စီး၊ ဆရာဝန် နှစ်ဦး၊ သူနာပြု ငါးဦး၊ ကျန်းမာရေးမှူး ၁၀ဦးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကို အခမဲ့ဆောင်ရွက်လုပ်ကိုင်ပေးနေပါတယ်။ ဒါ့အပြင် ဝန်ထမ်းများ အပန်းဖြေဖို့ ဗီဒီယိုရုံငါးရုံ၊ စာကြည့်တိုက်နှစ်တိုက်၊ စတိုးဆိုင်နှစ်ဆိုင်၊ ကုန်စုံဆိုင် ၁၀ဆိုင်၊ စားသောက်ဆိုင် ငါးဆိုင် တည်ထောင်ပေးထားပါတယ်။ အခမဲ့ရေ၊ မီးပေးစနစ်နဲ့ ဝန်ထမ်းမိသားစု စားဝတ်နေရေး အဆင်ပြေစေရေးအတွက် လူမှုဒါနအလုပ်ကို စွမ်းဆောင်ပေးနိုင်သမျှ လုပ်ကိုင် ဆောင်ရွက်ပေးနေပါတယ်"ဟု အုပ်ချုပ်မှု (စီမံကိန်း) ဒါရိုက်တာ ဦးလှသန်း(လူမှုထုးချွန်)က ပြောပြသည်။

တနင်္သာရီတိုင်းအတွင်း သစ်တောထွက်ပစ္စည်း အချောကိုင်လုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သစ်အချောကိုင် လုပ်ငန်းတစ်နေရာကို ဤသို့ တွေ့ရသည်။

"ကျွန်တော်တို့ ဖိုးလမင်း အဆင့်မြင့် ခရမ့်ရော်ဘာ ဘေးထွက်ပစ္စည်းများကို သန့်စင်အချောကိုင်တဲ့ မြိတ်မြို့ စမ်းချောင်းရပ်ကွက် စက်ရုံမှာ အလုပ်အကိုင် အများကြီး ဖန်တီးထားပါတယ်" ဟု စက်ရုံအုပ်ချုပ်သူ ဦးဖိုးရှိန်က ပြောပြသည်။

ကူညီဖြည့်ဆည်း

"မြိတ်ဒေသတစ်ခုလုံးရဲ့ ရှေးရိုးအစဉ်အလာအရ မိရိုးဖလာသက်မွေးဝမ်းကျောင်းပြုမှုဟာ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းနဲ့ ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်း လုပ်ငန်းဖြစ်ပါတယ်။ ယနေ့ခေတ် အတတ်ပညာဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာ၊ စက်ကိရိယာများ ခေတ်မီတိုးတက်လာမှု၊ နိုင်ငံတော်၏ ဘက်စုံပံ့ပိုးကူညီဖြည့်ဆည်းပေးမှုများကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေမှုသည် တနင်္သာရီကမ်းရိုးတန်း ဒေသတစ်ခုလုံးမှ ဖွံ့ဖြိုးတိုးတက်မှုရဲ့အကျိုးခံစားနေကြရပြီဆိုတာကို မြိတ်မြို့သို့ရောက်ရှိဖူးသူတိုင်း မြင်တွေ့ကြရမှာဖြစ်ပါတယ်"ဟု သစ်ပင်စိုက်ပျိုးရေးပညာရှင် သုတေသီ ဦးတာနိုင်က ရှင်းပြသည်။

ဖန်တီးဆောင်ရွက်

"ငါးဖမ်းခြင်း၊ ငါး၊ ပုစွန်မွေးမြူခြင်း လုပ်ငန်းဟာ လူသားများအားလုံးအတွက် စားဝတ်နေရေးကို ဆောင်ကြဉ်းပေးနေရတဲ့ လူမှုဒါနအလုပ်ဖြစ်ပြီး ဒေသခံပြည်သူများနဲ့ မြန်မာပြည်အရပ်ရပ်မှ ရောက်ရှိလာတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလုပ်အကိုင်နဲ့ အခွင့်အလမ်း ဖန်တီးဆောင်ရွက်ပေးမှုဟာလည်း ကုသိုလ်ကောင်းမှုပြုရာ ရောက်တယ်လို့ ယုံကြည်ပါတယ်"ဟု မြိတ်သားရေလုပ်ငန်းရှင် ဦးတင်အုန်းက အားမာန်အပြည့်ဖြင့် ပြောဆိုသည်။

တနင်္သာရီတိုင်း မြိတ်မြို့သို့ နေ့ညမရွေး ခရီးသွားလာရေး အဆင်ပြေလျက်ရှိရာ ဤသို့ မော်တော်ယာဉ်များဖြင့် နေ့စဉ်ခရီးသွားလာမှုကိုလည်း မပြတ်တမ်းမြင်တွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်

ပြည့်ဖြိုးထွန်း ကုမ္ပဏီအအေးခန်းစက်ရုံ၏ တစ်နာရီရေခဲ တန် ၁၀၀၀ကျ အအေးခန်းစက်ရုံအနေဖြင့် နိုင်ငံတော်ပိုင် ငါးလုပ်ငန်း၊ ဖိုးလမင်းကုမ္ပဏီ၊ ရွှေကော့သောင်းကုမ္ပဏီ၊ ဇီဝစိုးကုမ္ပဏီများမှ ငါး၊ ပုစွန်များ ဝယ်ယူအချောကိုင်လျက် ရန်ကုန်မြို့ ဆင်မင်းဈေးနှင့် သီရိမင်္ဂလာဈေးရှိ အအေးခန်းစက်ရုံများသို့ ပို့ဆောင် ရောင်းချပေးလျက်ရှိပါသည်။ ငါး၊ ပုစွန်၊ အသားငါးများ ဖမ်းဆီးထုတ်လုပ်ခြင်း၊ မွေးမြူထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ စက်မှုကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစေရေးအတွက် ယူကလစ်ပင်၊ သစ်မာမျိုးစုံ ရော်ဘာ၊ ဆီအုန်းနှင့် ဆီထွက်သီးနှံများ၊ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးခြင်းစသည့် လုပ်ငန်းများသည် ဘက်စုံစီးပွားရေး စွမ်းအားမြှင့်တင်ခြင်းဖြစ်သည့် အားလျော်စွာ မြို့ပြ၊ ကျေးလက် တစ်ပြေးညီ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာသော တနင်္သာရီတိုင်း မြိတ်ဒေသအလှကား စာဖွဲ့မကုန်နိုင်လောက်အောင် ရွှေဖြူ၊ ရွှေမည်းတင်စားဆဲ ရော်ဘာနှင့်ဆီအုန်းပင်များ ရှင်သန်ရာဒေသ၊ ငါး၊ ပုစွန်ပေါကြွယ်ရာ ကမ်းရိုးတန်းဒေသ၏ စိမ်းစိုဝေဆာနေမှုများဖြင့် နိုင်ငံတော်၏ ဆီအိုးကြီးသဖွယ် ဝင်းလက် တောက်ပနေသည့် ဒေသဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

တနင်္သာရီတိုင်း မြိတ်ဒေသ အလှကား စာဖွဲ့မကုန်နိုင်လောက်အောင် ရွှေဖြူ၊ ရွှေမည်းတင်စားဆဲ ရော်ဘာနှင့်ဆီအုန်းပင်များ ရှင်သန်ရာဒေသ၊ ငါး၊ ပုစွန်ပေါကြွယ်ရာ ကမ်းရိုးတန်းဒေသ၏ စိမ်းစိုဝေဆာနေမှုများဖြင့် နိုင်ငံတော်၏ ဆီအိုးကြီးသဖွယ် ဝင်းလက် တောက်ပနေသည့် ဒေသဖြစ်။

26-4 (07).pmd 1 4/26/2010, 1:52 AM

ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်တိုးတက်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုလုပ်ငန်းများ မပြတ်တောက်စေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ရက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ အင်ဂျင်နီယာချုပ်များနှင့် ပြည်နယ်နှင့်တိုင်း မန်နေဂျာများ တက်ရောက်ကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများ၊ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဌာနအကြီးအကဲများနှင့် အင်ဂျင်နီယာချုပ်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် ပေါင်းစပ်ညှိနှိုင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်တိုးတက်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုလုပ်ငန်းများ မပြတ်တောက်စေရေးအတွက် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးကို ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

သာယာဝတီမြို့နယ်အတွင်း စပါး မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနေမှုနှင့်စပ်လျဉ်း၍ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးသွင်မြင့်က မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။

မျိုးကောင်းမျိုးသန့်

"ကျွန်တော်တို့ ဒီဒေသမှာ ရှိတဲ့ တောင်သူတွေ မျိုးကောင်း မျိုးသန့်စပါးများ စိုက်ပျိုးနိုင်ဖို့ မော်ဘီနဲ့ လက်ပံတန်းခြံတို့မှရတဲ့ မျိုးသန့် အဆင့်(၁)ကို ရယူခဲ့ပါတယ်။ ဒီမျိုးသန့် အဆင့်(၁)ကို မျိုးသန့်စံပြ ဧက ၅၀၀ စိုက်ပျိုးခဲ့ ပါတယ်။ ထွက်ရှိလာတဲ့ စပါးမျိုးများကို တောင်သူတွေလက်ထဲအရောက် ဖြန့်ဝေ ရောင်းချပေးပါတယ်။ တောင်သူတွေလက်ထဲ ရောက်ချိန်မှာ မျိုးသန့် အဆင့်(၂) ဖြစ်နေပါပြီ။ ဒီဟာကိုပဲ တောင်သူတွေ သုံးနှစ် စိုက်နိုင်ပါတယ်။ သုံးနှစ် စိုက်ပျိုးပြီးရင်တော့ မျိုးအသစ်ပြန်ဝယ်ယူရမှာ ဖြစ်ပါတယ်။ မျိုးသန့်စပါးနဲ့ သာမန်စပါး ကွာခြားချက်ကတော့ တစ်ဧကေ ၁၅တင်းမှ တင်း၂၀ အထွက်နှုန်း ကွာခြားနိုင်ပါတယ်။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းမရှိတဲ့ လယ်တွေမှာ တစ်ဧကအထွက်နှုန်း ၁၅တင်းအထိ အထွက်နှုန်း လျော့ကျနိုင်ပါတယ်"ဟု ဦးသွင်မြင့်က ရှင်းပြသည်။

မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခဲ့သဖြင့် အကျိုးကျေးဇူးများပုံကိုလည်း သင်ရိုးကုန်းကျေးရွာမှ ဦးသန်းဦးက ရှင်းပြသည်မှာ- "ကျွန်တော် အရင်က စပါးကို သမားရိုးကျသာ စိုက်ပျိုးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကစပြီး မြန်မာ့စိုက်ပျိုးရေးရဲ့ လမ်းညွှန်မှုကို ခံယူပြီးတော့ မျိုးကောင်းမျိုးသန့်စပါးများ စတင်စိုက်ပျိုးခဲ့ပါတယ်။ တစ်ဧကေ အပေါ်မှာ ၁၅တင်းမှ တင်း ၂၀ အထိ ကွာခြားမှုရှိပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ကျွန်တော့်ရဲ့ စိုက်ဧက ၄၀ စလုံးမှာ မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးခဲ့ပြီး တစ်ဧကမှာလည်း တင်း ၁၀၀၀နီးကျင် ထွက်ရှိပါတယ်" ဟု ပြောကြားသည်။

"စပါးတစ်ဧကအထွက်နှုန်း ကောင်းဖို့ဆိုတာ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးဖို့ လိုအပ်ပါတယ်"

ဦးသွင်မြင့်
မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ။

"စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးလို့ စပါးအထွက်နှုန်း ပိုကောင်းစေပါတယ်"

ဦးသန်းဦး (တောင်သူ)၊ သင်ရိုးကုန်းကျေးရွာ။

ဒီနှစ်မှာတော့ ကျွန်တော့်ရဲ့ စိုက်ဧက ၄၀စလုံးမှာ မျိုးကောင်း မျိုးသန့် စပါးများ ရွေးချယ် စိုက်ပျိုးခဲ့ပြီး တစ်ဧကမှာလည်း တင်း ၁၀၀၀နီးကျင် ထွက်ရှိပါတယ်။

အထွက်နှုန်းတိုး

သာယာဝတီမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ဧက ၁၂၂၄၁၀ ရှိသည်။ နွေစပါးကို ၄၁၃၀၀ ဧကစိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။ သင်တောရိုးကျေးရွာ၌ တစ်ဧကေ အထွက်နှုန်းတိုးရေးအတွက် ဆင်းသွယ်လတ်နှင့် ဆင်းသွယ်ရင်စပါးမျိုးများ စိုက်ပျိုးလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား
အစီအစဉ်

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက် (အဖိတ်နေ့)
၂၆-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ ဓမ္မပူဇာတေးအစီအစဉ်
- ၈:၀၀ ၆။ သတ္တသတ္တာဟစ်နေ တော်မူခန်း (ဂန္ဓာဆွေရေးဖွဲ့ပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်)
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) (ရတနာပုံ F.C အသင်းနှင့် ရန်ကုန်ယူနိုက်တက် F.Cအသင်း)
- ၅:၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (ဒသနိကဗေဒ)
- ၅:၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
- ၅:၃၀ ၄။ အကပဒေသာ
- ၅:၄၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ **ဆိုကြမယ် ပျော်ကြမယ်**
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၅)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနန္ဒ** (အပိုင်း-၉)
- ၁၄။ **သုခမရင်ပြင်**
- ၁၅။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၏ စတုတ္ထအကြိမ်မြောက် ... ပူဇော်ပွဲကို (နှစ်ဆန်းတစ်ရက်)က ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက် (၇၅)နှစ်အထက် ... စုပေါင်းပူဇော်ကန်တော့ကြစဉ်။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၅

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်-မော်လမြိုင်ကျွန်း မြစ်ကြောင်းခရီးသွားရင်း တွေ့မြင်၊ လေ့လာ၊ ရေးသားတင်ပြထားသော "နာဂစ်မုန်တိုင်း နှစ်နှစ်ပြည့်ကာလ တွေ့မြင်ရသော ပြောင်းလဲမှုများမှာ ထူးထူးခြားခြား" မျက်နှာဖုံးဆောင်းပါး၊ "ပုဂ္ဂလိက ပညာရေး ဈေးကွက်ကြော်ငြာနှင့် ဆိုင်းဘုတ်များ အဆင့်ရှိရန်လိုအပ်" သတင်းဆောင်းပါး၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ နေဇင်လတ်၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "ကာတွန်းဆရာများ၏ အမြင်နှင့် သဘောထား"၊ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ပါတီအဖွဲ့အစည်း၊ ပါတီဝင်များ၏ နိုင်ငံရေးအစဉ်အလာ၊ အရည်အသွေးတို့ကို စုစည်းမိတ်ဆက် တင်ပြထားသည့် "သူတို့အမြင် သူတို့အကြောင်း" နှင့် ရွေးကောက်ပွဲဆိုင်ရာ ပါတီအဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆောင်ရွက်ချက်များကို စုံလင်စွာ ဖော်ပြထားသည်။

ထို့ပြင် မြန်မာပို့စ်ဂျာနယ်၏ ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များ၊ မှခင်းစုံနှင့် တစေ့တစောင်း ရုပ်ပုံလွှာများ စသည့်ကဏ္ဍများ ဝေဝေဆာဆာဖော်ပြပါရှိသည်။

United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း သောကြာနေ့တိုင်း ထုတ်ဝေဖြန့်ချိ လျက်ရှိသည်။

(သတင်းစဉ်)

မြန်...
ပဲခူးတိုင်...
ဦးထွန်း...
တိုင်း၊ ...
ဝန်ထမ်...
ပဲခူးမြို့...
ငါးမြစ်...
ကောင်း...
အတွင်း...
ရေ တ...
(သက်...

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

အထက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် ဧပြီ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၁ဒသမ ဝ၃လက်မ၊ မြစ်ကြီးနားမြို့နှင့် မချမ်းဘောမြို့တို့တွင် ၁ဒသမ ၇၈လက်မစီ၊ ပူတာအိုမြို့၊ တောင်ငူမြို့နှင့် မြိတ်မြို့တို့တွင် ဝဒသမ ၄၇လက်မစီ၊ မိုးကုတ်မြို့တွင် ဝဒသမ ၃၉လက်မ၊ ပင်လောင်းမြို့တွင် ဝဒသမ ၂၄လက်မနှင့် ဗန်းမော်မြို့တွင် ဝဒသမ ၁၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

လူ့အသုံးအဆောင်ပ...
ဝန်ဆောင်မှုလုပ်ငန်းများပြပွဲ - ၂၀၁၀

ရန်ကုန် ဧပြီ ၂၅

Logic Myanmar (Ideas & Solution) သည် လူ့အသုံးအဆောင်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပြပွဲ - ၂၀၁၀ (People's Utility & Service Exhibition-2010)ကို မေ ၇ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခင်းကျင်းပြသမည်

ပြပွဲတွင် Royal Asia Co., Ltd. ၏ Crown Electronic ပစ္စည်းများ၊ Chili Shoes၏ အမျိုးသမီးဝတ် ဖိနပ်အမျိုးမျိုး၊ Asahi, Hitachi Electronic ပစ္စည်းများ၊ Victory ၏ ထုတ်ကုန်များ၊ Skyward International Limited ၏ ထုတ်ကုန်ပစ္စည်းများ၊ Thukha Dana Co., Ltd. ၏ ဆေးဝါးပစ္စည်းများ၊ Kpc ၏ ကိုရီးယားဂျင်ဆင်းဆေးများ၊ I.B.T.C ထုတ်ကုန်ပစ္စည်းများ၊ Global မြေပဲဆီများ၊ Rooki ရှပ်အင်္ကျီ အမျိုးမျိုး၊ Wadi ၏ ဒီဇိုင်းမျိုးစုံဖိနပ်များ၊ Shwe ပဲဆီသန့်၊ DVDBဘဏ်၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ Fair Deal အလှကုန်ပစ္စည်းများ၊ Rich ကော်ဖီမစ်၊ Alpine ရေသန့်နှင့် အချိုရည်အမျိုးမျိုး၊ Sein Wut Hmone ...
Plus မှ ...
Life Lin...
Ko Be ...
အမျိုးမျိုး...
Myanma...
Fine pro...
ကုန်ပစ္စည်...
Group ၏...
dial ၏ C...
ကွန်ပျူတာ...
Pinya M...
များ၊ Red...
vices မျ...
ကို ခင်းက...

ဆ...

ပြပွဲ...
Super S...
ထုတ်ကုန်...
အစီအစဉ်...
စုစုပေါင်း...
ပြသမည်...
က ဖုန်း-...
၅၁-၈၁၇...
နိုင်ကြော...

...မြို့နယ် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၏ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ သက်ကြီး
...ရက်)က ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက် (၇၅)နှစ်အထက် ဘိုးဘွား ၃၄ဦးတို့အား
...ခဲ့စဉ်။ (မြန်မာ့အလင်း)

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းရှိ ရပ်ကွက်များ သောက်သုံးရေရရှိရေး ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းရှိ ရပ်ကွက်များ သောက်သုံးရေ လုံလောက်မှုရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများဖြစ်သည့် ဝါးရုံဆိပ်ရပ်ကွက်၌ ရေဂါလန် ၁၅၀၀ ဆံ့ သောက်သုံးရေကန်ပြုလုပ်ပြီးစီးမှု၊ အေးရွာအနောက်ရပ်ကွက်၌ ရေဂါလန် ၁၅၀၀ဆံ့ သောက်သုံးရေကန် ပြုလုပ်နေမှုနှင့် မူလရေကန်ကို ပြုပြင်ထိန်းသိမ်းနေမှု၊ ဘလုတ်ညွန့်ရပ်ကွက်၌ ပြည်သူများအား ဖြန့်ဝေပေးရန် ရန်ကုန်မြို့မှ သင်္ဘောဖြင့် သောက်သုံးရေချိုများ တင်ပို့နေမှုနှင့် ပြည်သူများအား သောက်သုံးရေကန်မှ သောက်သုံးရေ ဖြန့်ဝေပေးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဖြန့်ဝေပေး

အဆိုပါ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းရှိ ဝါးရုံဆိပ်၊ အေးရွာ အရှေ့နှင့်အနောက်၊ ဘလုတ်ညွန့်၊ အလတ်ချောင်း၊ ဆိပ်ကြီး၊ ဦးမြငါးဇင်၊ စက်ဆန်း၊ စက်ကလေးနှင့် အောက်ရုံရပ်ကွက်များ၌ သောက်သုံးရေကန်များ ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်သူများ သောက်သုံးရေချို လုံလောက်စွာရရှိစေရန် ရန်ကုန်မြို့မှ သင်္ဘောများဖြင့် တင်ပို့ပေး၍ တစ်နေ့လျှင် ရေဂါလန် ၅၀၀၀စီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၅

...တွဲ (၂)၊ အမှတ် (၁၅)ကို ရန်ကုန်မြို့ ရန်ကင်း
...င်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United
...တစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။
... မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်-မော်လ
...ရီးသွားရင်း တွေ့မြင်၊ လေ့လာ၊ ရေးသားတင်ပြ
...း နှစ်နှစ်ပြည့်ကာလ တွေ့မြင်ရသော ပြောင်းလဲမှု
...” မျက်နှာဖုံးဆောင်းပါး၊ “ပုဂ္ဂလိက ပညာရေး
...ထိုင်းဘုတ်များ အဆင့်ရှိရန်လိုအပ်” သတင်း
... မောင်ဝံသ၊ နေဇင်လတ်၊ ဒေါက်တာအောင်ကိုကို
...ရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ် ရသစုံ
...ပြထားသည်။
...၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ “ကာတွန်း
... ဘောထား”၊ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်
...င်များ၏ နိုင်ငံရေးအစဉ်အလာ၊ အရည်အသွေး
...င်ပြထားသည့် “သူတို့အမြင် သူတို့အကြောင်း”
... ပါတီအဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်မှု၊
...ပွဲကော်မရှင် ဆောင်ရွက်ချက်များကို စုံလင်စွာ

...နယ်၏ ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ
... ပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ
...း ထူးခြားဖြစ်ရပ်များ၊ မှုခင်းစုံနှင့် တစေ့တစောင်း
...ဏ္ဍာများ ဝေဝေဆာဆာဖော်ပြပါရှိသည်။
...roup မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star
...သာကြာနေ့တိုင်း ထုတ်ဝေဖြန့်ချိ လျက်ရှိသည်။
(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်က ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းဝင်းမြင့် ဦးဆောင်သော တိုင်း၊ ခရိုင်၊ မြို့နယ်၊ စခန်းများမှ ဝန်ထမ်းများနှင့် မိသားစုများ ပဲခူးမြို့ မဇင်းဆည်အတွင်းသို့ ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်းနှင့် ပဲခူးမြစ်အတွင်းသို့ တီလားပီးယားကောင်ရေ တစ်သောင်းကို ဇီဝိတဒါန (သက်လွှတ်) ငါးလွှတ်ပေးစဉ်။
(ငါးလုပ်ငန်းဦးစီး)

မိတ်ဆက်စကား

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ခရိုင်အတွင်းရှိ မြို့နယ်(၁၃)မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံပွဲကို စမ်းချောင်းအထက(၂) စပယ်ခန်းမ၌ ဧပြီ ၂၄ရက်ကကျင်းပရာ အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးကျော်သူဇော်က မိတ်ဆက်စကားပြောကြားစဉ်။ (၁၀၃)

ပရီမီယာလိဂ်ဖောဘော်ပိတ်သတင်း

ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ဂိုးမိုးရွာ လီဗာပူးတို့ အဝေးကွင်း၌ ဂိုးပြတ်သွင်း

အာကာဟိန်း - ရေးသားသည်

လန်ဒန် ဧပြီ ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၃၆) လက်ကျန်ပွဲများကို ဧပြီ ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဘန်လေနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးတို့က လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သလို ချယ်လ်ဆီးတို့က လည်း စတုတ်အပေါ် ခုနစ်ဂိုးသွင်းပြီး အောင်ပွဲဆင်နိုင်ခဲ့သည်။

ဘန်လေနှင့် လီဗာပူး

ဒရက်ကွတ်ကို တိုက်စစ်အထောင်ထားပြီး အက်ဂွီလာနီနှင့် ဘာဘယ်လ်တို့ကို ဝိုင်းရံစေခဲ့သည့်အပြင် ဂျရတ်နှင့် မာရှေရာနိုတို့ကို ကွင်းလယ်၌ ထားရှိခဲ့ရာ လီဗာပူးတို့ ထိုးဖောက်ကစားခွင့် အခွင့်အရေးများ ရရှိခဲ့သည်။ ဘန်လေကလည်း ပီတာဆင်၊ နူကင့်နှင့် အလက်ဇန္ဒားတို့ အားကိုးဖြင့် လီဗာပူးကို အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း လီဗာပူးတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

အောင်ပွဲခံ

ဘန်လေနှင့် လီဗာပူးတို့ ပွဲတွင် လီဗာပူးအတွက် ဒုတိယဂိုးသွင်းပြီးနောက် ဂျရတ် ဤသို့ အောင်ပွဲ ခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သို့သော် ဒုတိယပိုင်းပွဲချိန် ၅၄မိနစ်နှင့် ၅၉မိနစ်တို့၌ ဂျရတ်တစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ဘန်လေတို့ ချေပဂိုးမသွင်းနိုင်ဘဲ ရှိနေရာမှ ၇၄မိနစ်၌ ရှိဒရီဂွတ်စ်က တစ်ဂိုးနှင့် မိနစ် ၉၀၌ ဘာဘယ်လ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် စတုတ်

နိုင်ပွဲလိုအပ်နေသည့် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အနယ်လ်ကာကို တိုက်စစ်မြားဦးထားပြီး ဒရော့ဘာ၊ ကာလူး၊ လမ်းပတ်၊ မာလူဒါ၊ ဘောလက်စသည့် အမာခံကစားသမားများကို ထုတ်သုံးခဲ့သည်။ ချယ်လ်ဆီးက စတုတ်ကို တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အကြိမ်ကြိမ် ရရှိခဲ့သည်။ ချယ်လ်ဆီးအတွက် ၂၄မိနစ်နှင့် ၃၁မိနစ်တို့တွင် ကာလူးက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။ တစ်ဖန် ၄၄မိနစ်၌ လမ်းပတ်က ပယ်နယ်တီဖြင့် တစ်ဂိုးသွင်းယူခဲ့ပြန်သည်။ ထို့နောက် ၆၈မိနစ်၌ ကာလူး၊ ၈၁မိနစ်၌ လမ်းပတ်၊ ၈၇မိနစ်၌ စတူရစ်နှင့် ၈၉မိနစ်၌ မာလူဒါတို့က တစ်ဂိုးစီ ထပ်မံသွင်းခဲ့သဖြင့် ချယ်လ်ဆီးတို့ ခုနစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဗီလာ	၁-၀	ဘာမင်ဂမ်
အဲဗာတန်	၂-၁	ဖူလ်ဟမ်

ပရီမီယာလိဂ် ပွဲစဉ် (၃၆)အပြီး အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၃၆	၂၅	၅	၆	၈၀
၂	မန်ယူ	၃၆	၂၅	၄	၇	၇၉
၃	အာဆင်နယ်	၃၆	၂၂	၆	၈	၇၂
၄	စပါး	၃၅	၁၉	၇	၉	၆၄
၅	အက်စ်တွန်ဗီလာ	၃၆	၁၇	၁၃	၆	၆၄
၆	မန်စီးတီး	၃၅	၁၇	၁၂	၆	၆၃
၇	လီဗာပူး	၃၆	၁၈	၈	၁၀	၆၂
၈	အဲဗာတန်	၃၆	၁၅	၁၂	၉	၅၇
၉	ဘာမင်ဂမ်	၃၆	၁၂	၁၁	၁၃	၄၇
၁၀	ဆန်းဒါးလန်း	၃၆	၁၁	၁၁	၁၄	၄၄
၁၁	ဘလက်ဘန်း	၃၆	၁၁	၁၁	၁၄	၄၄
၁၂	ဖူလ်ဟမ်	၃၅	၁၁	၁၀	၁၄	၄၃
၁၃	စတုတ်စီးတီး	၃၅	၁၀	၁၃	၁၂	၄၃
၁၄	ဘော်လ်တန်	၃၆	၉	၉	၁၈	၃၆
၁၅	ဝူလ်ဗာဟမ်တန်	၃၆	၈	၁၁	၁၇	၃၅
၁၆	ဝီဂန်	၃၆	၉	၈	၁၉	၃၅
၁၇	ဝက်စ်ဟမ်း	၃၆	၈	၁၀	၁၈	၃၄
၁၈	ဟူးလ်စီးတီး	၃၆	၆	၁၀	၂၀	၂၈
၁၉	ဘန်လေ	၃၆	၇	၆	၂၃	၂၇
၂၀	ပို့စ်မောက်	၃၆	၆	၇	၂၃	၂၅

(အင်တာနက်)

လူ့အသုံးအဆောင်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများပြပွဲ - ၂၀၁၀ ခင်းကျင်းပြသမည်

ရန်ကုန် ဧပြီ ၂၅

Logic Myanmar (Ideas & Solution) သည် လူ့အသုံးအဆောင်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများပြပွဲ-၂၀၁၀ (People's Utility & Service Exhibition-2010)ကို မေ ၇ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခင်းကျင်းပြသမည်

ပြပွဲတွင် Royal Asia Co., Ltd. ၏ Crown Electronic ပစ္စည်းများ၊ Chili Shoes၏ အမျိုးသမီးဝတ် ဖိနပ်အမျိုးမျိုး၊ Asahi, Hitachi Electronic ပစ္စည်းများ၊ Victory ၏ ထုတ်ကုန်များ၊ Skyward International Limited ၏ ထုတ်ကုန်ပစ္စည်းများ၊ Thukha Dana Co., Ltd. ၏ ဆေးဝါးပစ္စည်းများ၊ Kpc ၏ ကိုရီးယားဂျင်ဆင်းဆေးများ၊ I.B.T.C ထုတ်ကုန်ပစ္စည်းများ၊ Global မြေပဲဆီများ၊ Rooki ရုပ်အင်္ကျီ အမျိုးမျိုး၊ Wadi ၏ ဒီဇိုင်းမျိုးစုံဖိနပ်များ၊ Shwe ပဲဆီသန့်၊ DVDB ဘဏ်၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ Fair Deal အလှကုန်ပစ္စည်းများ၊ Rich ကော်ဖီမစ်၊ Alpine ရေသန့်နှင့် အချိုရည်အမျိုးမျိုး၊ Sein Wut Hmone ၏ Instant Milk များ၊ Bio Plus မှ ရေသန့်များ၊ Mikko ကော်ဖီမစ်၊ Life Line ၏ ဆေးဝါးပစ္စည်းများ၊ Ko Be No မှ Game Product အမျိုးမျိုး၊ Rannai Gas မီးဖိုများ၊ Myanmar Thiha ၏ Rain Flower Fine product များ၊ Fortune ၏ ကုန်ပစ္စည်းများ၊ Mega Distribution Group၏ ကုန်ပစ္စည်းများ၊ Concordial ၏ Copier များ၊ Acer, MSI ၏ ကွန်ပျူတာလက်ပ်တော့ အမျိုးမျိုး၊ Pinya Manufacture ၏ ကုန်ပစ္စည်းများ၊ Red Linc ၏ Net work Services များ၊ Bravo ကော်ဖီမစ်များကို ခင်းကျင်းပြသမည် ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

ပြပွဲတွင် ဦးချိုကြီး ဦးစီးသော Super Star Model Agency ၏ ထုတ်ကုန်ပစ္စည်းသရုပ်ပြဖျော်ဖြေရေး အစီအစဉ်များဖြင့် ပူးတွဲကာ ပြခန်းစုစုပေါင်း ၁၅၀ကျော်ဖြင့် ခင်းကျင်းပြသမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၀-၆၇၃၄၀ နှင့် ၀၉-၅၁-၈၁၇၉၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဇေယျာရွှေမြေ F.C ရဲ့ နိုင်ပွဲဆက်စံချိန်ကို ရပ်တန့်လိုက်တဲ့ နေပြည်တော် F.C

ရန်ကုန် ဧပြီ ၂၅

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့မှာ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက လေးပွဲဆက် အနိုင်ရခဲ့ပြီး ထိပ်ဆုံးမှ ဇေယျာရွှေမြေနဲ့ အသင်းသစ် နေပြည်တော် F.C တို့ သရေပွဲဖြစ်သွားပါတယ်။

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - ဂိုးမရှိ။
နေပြည်တော် - ဂိုးမရှိ။

လေးပွဲဆက်အနိုင်ရပြီး အမှတ်ပေးဇယားမှာဦးဆောင်နေတဲ့ ဇေယျာရွှေမြေအသင်းဟာ နေပြည်တော် F.C ကို မမျှော်လင့်ဘဲ သရေကျသွားခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းရဲ့ ကစားပုံဟာ အရင်ပွဲတွေရဲ့ ခြေစွမ်းကို မမီသလို နေပြည်တော် F.C ရဲ့ ခပ်မာမာ တုံ့ပြန်ကစားမှုကြောင့်လည်း ငါးပွဲဆက် နိုင်ပွဲရရေး အိပ်မက်တွေ ပျက်ပြယ်ခဲ့ရတာပါ။

နေပြည်တော် အသင်းကတော့ ဇေယျာရွှေမြေဆီက အမှတ်ခွဲယူနိုင်ဖို့ အခုပွဲကို သေချာပြင်ဆင်ထားခဲ့ပါတယ်။ ခံစစ်လုံဖို့အတွက် ကွင်းလယ်ကစပြီး အဆင့်ဆင့် ဖျက်ထုတ်ခဲ့ပြီး တန်ပြန်တိုက်စစ်နဲ့ကစားခဲ့ပါတယ်။ နေပြည်တော်အသင်းရဲ့ တန်ပြန်တိုက်စစ်တွေဟာ ပထမပိုင်းမှာ ဇေယျာရွှေမြေနောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကင်မရွန်းတိုက်စစ်မှူး အရှ နာဟာ ဇေယျာရွှေမြေဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့လို့ ဂိုးမရခဲ့ပါဘူး။

ဒုတိယပိုင်းမှာတော့ ဇေယျာရွှေမြေအသင်းဟာ ဂိုးရဖို့ တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ တိုက်စစ်မှူး ရဲဝေယံစိုးကို ထည့်ကာ ဇေယျာရွှေမြေတို့ တိုက်စစ်အားတင်ခဲ့ပြီး တောင်ကိုရီးယားတိုက်စစ်မှူး ဂျောင်ဆောင်ဘေရဲ့ အပိုင်ကန်ချက် ဂိုးမဖြစ်ခဲ့သလို ရဲဝေယံစိုးရဲ့ ခေါင်းတိုက်ချက် ဘားထိထွက်သွားလို့ နှစ်နာသွားရပါတယ်။

နေပြည်တော်တိုက်စစ်မှူး အရှနာ ဇေယျာရွှေမြေ နောက်တန်းကို ထိုးဖောက်ကစားစဉ်။
(မြန်မာ့အလင်း)

ဗထူးကွင်း

ကမ္ဘောဇ - နှစ်ဂိုး။
ဥဿာယူနိုက်တက် - ဂိုးမရှိ။

ကမ္ဘောဇအသင်းဟာ ဥဿာယူနိုက်တက်ကို ဂိုးပြတ်အနိုင်ရခဲ့သလို ဇေယျာရွှေမြေကလည်း သရေကျခဲ့တာကြောင့် ကမ္ဘောဇနဲ့ ဇေယျာရွှေမြေတို့ ငါးပွဲကစား ၁၃မှတ်၊ ခြောက်ဂိုးသွင်း၊ ပေးဂိုးမရှိနဲ့ အမှတ်ပေးဇယားမှာ ပူးတွဲ ဦးဆောင်နိုင်ခဲ့ပါတယ်။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မနောမြေ - ဇွဲကပင်ယူနိုက်တက်။
(မြန်မာ့အလင်း)

ညောင်သီတာ ရေတော်သွန်းချိန်မို့

ဖိုးရန်နိုင် (ကျောက်ကြီး)

သင်းမြေနံ့တကြိုင်ကြိုင်၊
စကားရွှေဝါနှင့်
ညောင်သီတာရေတော်သွန်းချိန်မို့
ရွှန်းဝေလို့လှိုင်။
မြိုင်မြစ်ဆုံယမုန်ခပါတဲ့
ပြည်အမရမဏ္ဍိုင်
ခရိုင်နယ်တစ်ဝိုင်း၊
သို့ချိန်ဆီ
ရင့်ကျူးပဥ္စင်ဂီနှင့်
တိမ်ပန်းချီပွေလို့ရေးပေလိမ့်
ဆေးရင့်ပြာလှိုင်း။....

ဟု စာဆိုဦးကြင်ဥက လကဆုန်၏ပုံရိပ်ကို စာပန်းချီခြယ်ကာသခဲ့သည်။

ထို့ပြင်မဟာအတုလမင်းကြီးကလည်း-

မြူခြေငယ်ဝှန်းပါလို့
နေဝန်းငယ်စက်ရှိန်
တောက်လောင်ငယ်ထိန်သည်
ဖန်သူရိန်တေဇာကြောင့်
ပူများပါကဲတဲ့လ,ကိုလေး။
ရာသီငယ်ပြိဿ
မဟေသီလည်း၊ ရွှေညီခလို့
ပန်းမြစကားဝါ၊ ဝိသာခါနှင့်
တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နယ်
ဆဒ္ဒန်ပိုင် ဗွေဘုံမှာ
လကဆုန်ညောင်ရေပွဲချိန်မို့
သည်းလှတယ်လေး....။

ဟု ကဆုန်လ၏ သာယာပုံကို စာဖွဲ့ခဲ့ပါသည်။

ထို့အပြင်လည်း ''တန်ခူးရေကုန်၊ ကဆုန်ရေခန်း''၊ ''ကဆုန်လတွင်း မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့''၊ ''ကဆုန် နယုန်၊ ဆွေ့ဆွေ့ခုန်''စသည်ဖြင့် ကိုယ်နှင့်နီးစပ်ထိတွေ့ရာ လကဆုန်၏ အတွေ့အကြုံများကို စာချိုးစာသပြုခဲ့ကြသည်မှာ စာ၊ ကဗျာချစ်သော မြန်မာတို့၏ ချစ်စဖွယ်ဓလေ့စရိုက်လေးများပင် ဖြစ်ပါသည်။

ရှေးမြန်မာတို့အစဉ်အလာအရ ''ဝဿာန၊သရဒ၊ဟေမန္တ၊သိသိရ၊ ဂိမှ'' ဟူ၍ ဥတုခြောက်ပါးရှိရာတွင် ကဆုန်လနှင့် နယုန်လနှစ်လတို့သည် ဂိမှဥတုတွင် ပါဝင်ပေသည်။ ကဆုန်လနှင့် ပတ်သက်၍ ယောမြို့စားအတွင်းဝန်ဦးဘိုးလှိုင်ရေးသားသော''ဥတုဘောဇန သင်္ဂဟကျမ်း''တွင် ''ကဆုန်၊ နယုန်နှစ်လတို့သည် ဂိမှ ဥတုမည်၏။ လောကသည် အလွန်ပူ၏။ အနောက်တောင်ထောင့်က လေပူတိုက်၏။ စက္ကဝက်ငှက်တို့ဖြင့်ပြွမ်း၏။ ရေကန်၊ ရေအိုင်တို့၌ ရေသောက်သားတို့ဖြင့်ပြွမ်း၏။ နွယ်မြက်တို့သည် ပျက်စီးကုန်၏။ စံပယ်အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ လောကခြောက်၏ဟုလည်းကောင်း၊ အစပ်၊ အခါး၊ အရသာရှိသော အသီး၊ အရွက်၊ အမြစ်တို့သည် အားရှိကုန်၏။ သည်းခြေပျက်၏။ လူတို့သည် အားယုတ်ကုန်၏။ လေငုပ်၏။ အစပ်၊ အချဉ်၊ အငန်၊ အပင်ပန်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ အဆီအစေးမရှိသော ပူသောအစာတို့ကို ရှောင်ကြဉ်အပ်ကုန်၏။ အေးသောတိုက်အိမ်၌ နေ့ကိုအိပ်ခြင်း၊ ယပ်လေခတ်ခြင်း၊ ညဉ့်ကို လရောင်၌ အိပ်ခြင်း၊ ရေတံခွန်မှ ထွက်သော ရေအေး၊ ကြံစုသီးနှင့် ကြံသကာတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏''ဟု ရာသီပေါ်မူတည်ကာ ဆောင်ရန်နှင့် ရှောင်ရန်တို့ကို ရေးသားခဲ့ပေသည်။

ကဆုန်လသည် မြန်မာလတစ်ဆယ့်နှစ်လတွင် နေပူရှိန်ဒဏ် အပြင်းထန်ဆုံးလဖြစ်သည်နှင့်အညီ ရေဓာတ်အဆုတ်ဆုံးလလည်းဖြစ်၏။ ဤလကို ''တန်ခူးရေကုန်၊ ကဆုန်ရေခန်း''ဟု မှတ်သားကြကာ ရှေးမြန်မာများ ရေတွင်း၊ ရေကန်တူးလျှင် ကဆုန်လတွင်မှ တူးလေ့ရှိကြသည်။ ကဆုန်လတွင် တူးထားသောရေတွင်းသည် တစ်နှစ်ပတ်လုံးရေမခန်းနိုင်ဟုဆိုသည့် သဘောပင်ဖြစ်သည်။

ကဆုန်လနှင့် ပတ်သက်၍ မှတ်သားစရာများကို ခြုံ၍ တင်ပြရလျှင် ရာသီက ပြိဿ၊ နက္ခတ်က ဝိသာခါဖြစ်ပြီး စန်း(လမင်း)နှင့် ယှဉ်ပြိုင်ထွန်းလင်းသည်။ တာရာက တံငါတာရာဖြစ်ပြီး ရာသီအမှတ်အသားရုပ်က နွားထီးရုပ်ဖြစ်သည်။ ရာသီပန်းမှာ စံကားပန်းဖြစ်၍ ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ နေ့တာရှည်၍ ညတာတိုသော ရက်စုံလဖြစ်သည်။ မြန်မာအဆိုအရ ရေသွန်းလောင်းသောလဟုလည်း ခေါ်နိုင်သည်။

ပြိဿရာသီသည် သောကြာဂြိုဟ်က စိုးမိုးနေ၍ သူ၏ပင်ကိုဗီဇသဘောအရ ဤရာသီဖွားသူများသည် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတအောင်နေတတ်၊ ပြောတတ်သည့် သဘာဝရှိသည်။ လူတစ်ဖက်သားကို ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသည်။ စေတနာကောင်းနှင့် မေတ္တာဓာတ်အပြည့်အဝရှိသူများဖြစ်ကြသည်။ မိမိပတ်ဝန်းကျင်ကို အေးချမ်းခြင်း၊ လှပတင့်တယ်စေခြင်းများဖြင့် ပံ့ပိုးဖြည့်စွမ်းနိုင်သည်။ တစ်ပါးသူက လာရောက်၍ စိုးမိုးခြင်း၊ အမိန့်ပေးခြင်းကို လက်မခံဘဲ ခေါင်းအေးအေးဖြင့် မိမိစွမ်းအားကို အသုံးချပြီး ရှေ့တိုးလုပ်ဆောင်တတ်သည်။ သဘာဝကို အခြေခံသော အလှအပတင့်တယ်မှုတို့ကို ခံစားနိုင်စွမ်းနှင့် ဖန်တီးနိုင်စွမ်းရှိသည်ဟု နက္ခတ်ဗေဒပညာက သတ်မှတ်ထားပေသည်။

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်ဟု သတ်မှတ်ထားကြသည်။ **''ကဆုန်လပြည့်၊ ဗုဒ္ဓနေ့''**ဟု ခေါ်ဆိုကြသည်။ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင် မြန်မာများအတွက် ထူးခြားသည့်နေ့ရက်တစ်ခုဖြစ်နေရခြင်းမှာ မြတ်စွာဗုဒ္ဓ၏ အောက်ပါဖြစ်တော်စဉ်များကြောင့် ဖြစ်ပါသည်-

(၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားမြတ်ထံမှ ဗျာဒိတ်တော်ခံယူသည့်နေ့ဖြစ်ခြင်း (လေးသင်္ချေကိန်း-တစ်သိန်းကပ်ကြို၊ သုမေဓာလောင်း-ညွန်ပြောင်းဗွက်အုံ၊ ဒီပင့်ထံပါး-ဝမ်းလျား မှောက်ခုံ ဆုပန်နေ့-လပြည့်နွေကဆုန်)။

(၂) ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော်သိဒ္ဓတ္ထကို လုမ္ဗိနီသာမောအင်ကြင်းတောတွင် ဖွားမြင်သည့်နေ့ဖြစ်ခြင်း (မဟာသက္ကရာဇ်-ခြောက်ဆယ့်ရှစ်ကြို၊ လုမ္ဗိနီတော-သာမောရဂုံ၊ မာယာမယ်ဖျား-ပတ္တမြားနှုတ်ငုံ၊ ဖွားမြင်နေ့-လပြည့်နွေကဆုန်)။

(၃) ဘုရားအလောင်းတော်သည် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မာရ်ငါးပါးကို အောင်မြင်ကာ ဘုရားဖြစ်တော်မူသည့်နေ့ဖြစ်ခြင်း (တစ်ရာ့သုံးနှစ်-သက္ကရာဇ်ကြို၊ ဥရုဝေလ-သာစွရဂုံ၊ မာန်စွယ်ငါးစင်း-နှိမ်နင်းအကုန်၊ ဗုဒ္ဓနေ့-လပြည့်နွေကဆုန်)။

(၄) ဗုဒ္ဓမြတ်စွာသည် သက္ကရာဇ် ၁၀၄ ခုနှစ်တွင် ကာဠုဒါယီမထေရ်မြတ်က ၆၄ ဂါထာဖြင့် တောင်းပန်လျှောက်ထားချက်အရ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးရှိရာ ကပ္ပိလဝတ်ပြည်သို့ နှစ်လခရီးဖြင့် အတုရိတာဒေသစာရီကြွချီလျက် အရှင်သာရိပုတ္တရာမထေရ်မြတ် တောင်းပန်လျှောက်ထားချက်အရ ဂေါတမဗုဒ္ဓဝံသဒေသနာတော် (ဗုဒ္ဓဝင်) ကို ဟောကြားသည့်နေ့ဖြစ်ခြင်း (တစ်ရာ့လေးနှစ်-သက္ကရာဇ်ကြို၊ ကပ္ပိလနန်း-ကြွမြန်းခိုလှုံ၊ ဗုဒ္ဓဝင်ဇာတ်-ဟောလတ်ဖုံဖုံ၊ ပြန်လည်တွေ့-လပြည့်နွေကဆုန်)။

[ဤအချက်တွင် မူကွဲအနေဖြင့် ''ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေ'' ဆိုသည့် စာနှင့်အညီ ဖွားဖက်တော်များဖြစ်ကြသော ကာဠုဒါယီအမတ်၊ ယသော်ရောမိဖုရား၊ နန္ဒမင်းသား၊ ဆန္နအမတ်၊ ကဏ္ဍကစီးတော်မြင်း၊ ရွှေအိုးကြီးလေးလုံးနှင့် မဟာဗောဓိပင်တို့သည် ကဆုန်လပြည့်နေ့တွင် တစ်နေ့တည်း၊ တစ်ချိန်တည်း မွေးဖွားပေါက်ရောက်လာသည့်နေ့ကို လိုက်နာမှတ်ယူကြပါသည်။ ထို့အပြင် **''ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်''**ဟူသောစာချိုးအရ **''ဗောဓိပင်''**ဆိုသည်ကို သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်၌ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်သည်ဟု ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်၌ ဘုရားဖြစ်ခြင်းနှင့် ဖွားဖက်တော် ဗောဓိညောင်ပင်ကို ပေါင်းစပ်ကာ အဓိပ္ပာယ်ဖွင့်၍လည်း ရနိုင်ပါသည်။] (စကားချပ်)

(၅) ဗုဒ္ဓမြတ်စွာသည် သက္ကရာဇ် ၁၄၈ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဝါတော် ၄၅၊ သက်တော် ၈၀ တွင် မလ္လာမင်းတို့၏ ကုသိနာရုံအင်ကြင်းတောဝယ် ပရိနိဗ္ဗာန်စံဝင်သည့်နေ့ဖြစ်ခြင်း (ရာလေးဆယ့်ရှစ်-သက္ကရာဇ်ကြို၊ မလ္လာမင်းတို့ အင်ကြင်းရဂုံ နိဗ္ဗာန်ကြွလို့- ဘဝဇာတ်ခုံ၊ သိမ်းသောနေ့ လပြည့်နွေကဆုန်)။

ဗုဒ္ဓဘာသာဝင်တို့အတွက် ဤကဲ့သို့ ထူးမြတ်လှသော ဘုရားရှင်ပွင့်တော်မူသည့် ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ဖွားဖက်တော်လည်းဖြစ်ပြီး ဘုရားပွင့်စဉ် တည်မှီရာ ဌာနလည်းဖြစ်သော ဗောဓိပင်အား ရေသွန်းလောင်း ကုသိုလ်ပြုခြင်းသည် အတိုင်းအထက်အလွန် မွန်မြတ်သော ကုသိုလ်ပင်ဖြစ်ပါသည်။ ဤယဉ်ကျေးမှုဓလေ့ကို ဆောင်ရွက်ထိန်းသိမ်းခဲ့ကြသော ဗုဒ္ဓဘာသာဝင်ဘိုးဘေးဘီဘင်များအား အထူးပင် ကျေးဇူးတင်ထိုက်လှပေသည်။

ပူပြင်းခြောက်သွေ့သည့် နွေကာလတွင် ဘုရားသခင်ကိုယ်တော်တိုင် ခွင့်ပြုပေးခဲ့သော ပရိဘောဂစေတီထိုက်သည့် ဗောဓိပင်ကို ကောင်းမွန်စွာ ရှင်သန်စေရေးအတွက် ရေသွန်းလောင်းခြင်းသည် ဥတုရာသီအရ လိုအပ်ချက်တစ်ခုလည်းဖြစ်သကဲ့သို့ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ကောင်းမြတ်သော ဓလေ့တစ်ခုလည်းဖြစ်ပါသည်။

ဗောဓိညောင်ပင်သည် ပရိဘောဂစေတီထိုက်ခြင်းနှင့် ပတ်သက်၍ ဘုရားအလောင်းတော်နှင့်အတူ ဖွားဖက်တော်ခုနစ်ဖော်တွင် ဗောဓိညောင်ပင်ပါဝင်ခဲ့ပြီး ဘုရားပွင့်ရာ ဌာနလည်းဖြစ်ခြင်းကြောင့် အထူးဖော်ပြရန် မလိုသော်လည်း ဘုရားပွင့်သည့် ဗောဓိပင်မှ အခြားဗောဓိပင်များ ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ သာဝတ္ထိပြည်သူပြည်သားများသည် ဘုရားရှင်အားပူဇော်ရန် ရောက်ရှိလာကြသည်။ ထိုစဉ် မြတ်စွာဘုရားရှင်မှာ ဒေသစာရီခရီး ကြွချီတော်မူစဉ်နှင့် ကြုံကြိုက်နေ၍ ဘုရားရှင်အား ဖူးမြော်ခွင့်မရ ဖြစ်ကြရသည်။

ထိုအခါ ရှင်အာနန္ဒာမထေရ်က ဘုရားရှင်အား အလားတူ ဘုရားရှင် အရုပ်တစ်ပါးသို့ ဒေသစာရီကြွချီနေစဉ် ဇေတဝန်ကျောင်းတော်၌မရှိစဉ် လူအများ ပူဇော်နိုင်ရန် မဟာဗောဓိပင်မှ အစေ့ကိုစိုက်ပျိုးလိုကြောင်း လျှောက်ထားသဖြင့် ဘုရားရှင်က ခွင့်ပြုတော်မူခဲ့ပါသည်။ ဘုရားရှင်၏ ခွင့်ပြုတော်မူချက်အရ ရှင်အာနန္ဒာမထေရ်သည် ရှင်မဟာမောဂ္ဂလာန်၏ အကူအညီကိုရယူလျက် ဗုဒ္ဓဘုရားသခင်ပွင့်တော်မူရာ မဟာဗောဓိပင်မှ သဘာဝအရရင့်မှည့်၍ကြွေကျသော ဗောဓိညောင်သီးမှည့်ကိုမြေမကျမီခံယူခဲ့ပြီး သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်တံခါးဝ၌ စိုက်ပျိုးပူဇော်ခဲ့ရာ အာနန္ဒာဗောဓိဟုခေါ်သော ဗောဓိညောင်ပင်ကိုယနေ့တိုင် ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ခွင့်ရရှိခဲ့ပေသည်။ အစေ့မှစိုက်ပျိုးသော အာနန္ဒာဗောဓိနည်းတူ ထင်ရှားသည့်ဗောဓိပင်တစ်ဆူမှာ သာသနာတော်တွင် ယခုတိုင်ထင်ရှားလျက်ရှိသော သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံရှိ ဒက္ခိဏသာခါ မဟာဗောဓိပင်ဖြစ်ပါသည်။ မဇ္ဈိမဒေသရှိ ဘုရားပွင့်ရာ မူလမဟာဗောဓိပင်ကြီး၏ တောင်ကိုင်းမှဖြစ်လာ၊ ပေါက်လာသော မဟာဗောဓိပင်ဖြစ်ပါသည်။

''တန်ခူးရေကုန်၊ ကဆုန်ရေခန်း''ဆိုသည့် စာချိုးအတိုင်း ကဆုန်လတွင် ရေခန်းခြောက်၍ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ပူဇော်ရာ မဟာဗောဓိပင်များ ရေမပြတ်လပ်စေရန်နှင့် မိုးမကျမီ ကောင်းမွန်စွာဆက်လက်ရှင်သန်စေရန် သဘာဝလိုအပ်ချက်အရလည်းကောင်း၊ ဘာသာရေးအရ အထွတ်အမြတ်ထားရသော ဗောဓိပင်များရှင်သန်စေရေးကို ရှေးမြန်မာများက ညောင်ရေသွန်းလောင်းပွဲများကျင်းပ၍ ထိန်းသိမ်းခဲ့ကြသည်မှာ ချီးကျူးအံ့သြစရာ ဖြစ်ပါသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲများတွင် တန်ခူးလ မဟာသင်္ကြန်ပွဲတော်ကြီးအပြီးတွင် ထင်ရှားသည့် ကဆုန်လညောင်ရေသွန်းပွဲတော်များကို အမြို့မြို့ အနယ်နယ်တွင် ဘာသာရေး၊ သာသနာရေးအဖွဲ့အစည်းများက ဦးဆောင်၍ ဆောင်ရွက်နေကြသည်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရာလည်းရောက်ပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထားသော ဗောဓိပင်များအနက် ထင်ရှားသော ဗောဓိညောင်ပင်အချို့ကို လက်လှမ်းမှီတင်ပြရပါလျှင် သက္ကရာဇ် ၃၃၈တွင် ရှင်အရဟံမထေရ် စိုက်ပျိုးခဲ့သည့် မကွေးတိုင်း နတ်မောက်မြို့နယ် ပင်းမြို့ရှိ မဟာဗောဓိညောင်ပင်၊ သက္ကရာဇ် ၁၂၂၁တွင် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံမှ ပင့်ဆောင်၍ မန္တလေးမြို့ စကြာနွယ်စဉ်ရပ်၌ မင်းတုန်းမင်းစိုက်ပျိုးခဲ့သည့် ဗောဓိညောင်ပင်၊ သက္ကရာဇ်၁၂၈၇(ခရစ်နှစ်၁၉၂၆)တွင် ရွှေတိဂုံဘုရား ရင်ပြင်တော် အင်္ဂါထောင့်တွင် မယ်ဒက်ဆရာတော်ကြီး အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ဗုဒ္ဓဘုရားပွင့်ရာ ဗောဓိညောင်ပင်မှ အစေ့ကိုယူ၍ စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင်၊ သက္ကရာဇ်၁၃၄၆တွင် သီရိလင်္ကာနိုင်ငံမှလက်ဆောင်ရရှိ၍ ရန်ကုန်မြို့ မဟာဝိဇယစေတီတော်တည်ရှိရာ ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင် စသည်တို့ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်ကိုရည်စူး အထိမ်းအမှတ်ပြု၍ ဆယ့်နှစ်လရာသီပွဲတော်ဝင် **''ညောင်ရေသွန်းပွဲတော်''**ကို မြန်မာလ တစ်ဆယ့်နှစ်လ၏ ဒုတိယမြောက်ဖြစ်သော ကဆုန်လ၏လပြည့်နေ့တွင် နိုင်ငံအဝန်း မြို့ရွာအနှံ့တို့၌ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ ကျင်းပကြပါသည်။ ထိုကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းခြင်းသာမက အလှူဒါနပြုခြင်း၊ သီတင်းသီလဆောက်တည်ခြင်း စသည့်ကောင်းမှုကုသိုလ်များကို ပြုလုပ်လေ့ရှိကြပါသည်။ ဤဓလေ့သည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် စတင်ခဲ့ပေသည်။

ကဆုန်လပြည့်နေ့သည် **''ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း''** ဟူသော စာဆိုနှင့်အညီ ဗုဒ္ဓဘာသာဝင်တို့အတွက် သာသနာ့သမိုင်းဝင် မော်ကွန်းကမ္ပည်းတင်သော နေ့ထူးနေ့မြတ် **''ဗုဒ္ဓအခါတော်နေ့''** ကြီးပင်ဖြစ်ပါသည်။ ထို့အပြင် **''ငါဘုရားမရှိလျှင် ငါဘုရားကိုယ်စား ဤဗောဓိပင်ကို ပရိဘောဂစေတီအဖြစ် လှူဒါန်းပူဇော်ကြလော့''**ဟူသော မြတ်ဗုဒ္ဓ၏ မိန့်မြွက်ချက်နှင့်အညီ ဗောဓိညောင်ပင်တို့ကို အစဉ်ရှင်သန်၍ ခက်လက်ဝေဆာနေရန် ညောင်ရေသွန်းပွဲတော်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြန်မာပြည်အနှံ့ မြို့ရွာများရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ကျင်းပကြလျက် ဒါန၊ သီလ၊ ဘာဝနာများ ပွားများနိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကဆုန်ညောင်ရေ ငြိမ်းချမ်းစေ

➢ ဂိမှာန်သည်နွေ၊ အေးမြစေဟု
ဆုခြွေပန်ညွှန်း၊ ညောင်ရေသွန်းသည်
တစ်ဝန်းဇမ္ဗူ ငြိမ်းလေပြီ။

➢ ငြိမ်းအေးသာကြည်၊ မြန်မာပြည်တွင်
ရေရှည်မှန်းဆ၊ ညီညွတ်ကြ၍
အလှဂုဏ်ရည် တင့်လေပြီ။

➢ ငြိမ်းချမ်းညီညာ၊ ပြည်မြန်မာသည်
အနာဂတ်လမ်း၊ ညီညွတ်စွမ်းနှင့်
တက်လမ်းစုံညီ ချီလေပြီ။

➢ ကဆုန်သည်လ၊ သမယတွင်
မြို့ပြပြည်ရွာ၊ များသူငါတို့
ပွဲခါညောင်ရေ၊ သွန်းဖျန်းလေ၍
မြန်ပြည်တစ်ဝှမ်း၊ လွှန်ငြိမ်းချမ်းပြီး
အေးချမ်းသာယာ ရှိစေသတည်း။
ဘေးပေါင်းရန်ဘယာ ကင်းစေသတည်း။ ။

နှင်းမောင် (ဇီးကုန်း)

ရွန်နေ မန်ယူကို ကျောခိုင်းထွက်ခွာတော့မည်လော....

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မက်ဒရစ် ဧပြီ ၂၅

မန်ယူတိုက်စစ်မှူး ရွန်နေကို လာမည့်နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ရီးရဲမက်ဒရစ်က ခေါ်ယူတော့မည်ဟူသော သတင်းကြောင့် မန်ယူပရိသတ်များ အံ့အားသင့်စရာဖြစ်ခဲ့ရပြီ။ ရွန်နေအမှန်ပင် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့တော့မည်လောဟူသည့် စကားသံများ ပွက်လောညံနေသည်။

ပစ်မှတ်ထား

ခြေစွမ်းထက်သည့် ကမ္ဘာကျော်ဘောလုံးသမားများကို ရအောင်ခေါ်ယူတတ်သော ရီးရဲမက်ဒရစ်၏ အစွမ်းက မသေးလှချေ။ လိုချင်သည့် ကစားသမားကို လက်တွေ့၌ ရအောင်ခေါ်ယူနိုင်ခဲ့သည့် အစဉ်အလာများလည်း ရှိနေသည်။ မန်ယူအသင်းမှ ကမ္ဘာကျော်ကစားသမားဖြစ်ကြသည့် ဘက်ဟမ်းနှင့် စီရိုနယ်ဒိုကို ရီးရဲတို့ရအောင်ခေါ်ယူခဲ့ပြီးလေပြီ။ ယခု ရွန်နေကို ပစ်မှတ်ထားပြီး ခေါ်ယူရန်ကြံစည် နေပြန်ပေပြီ။

ဈေးခေါ်ထား

ရွန်နေကို ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ပေးမည်ဟု ဈေးခေါ်ထားသည်။ မန်ယူကလပ်က လိုချင်သည့် ဈေးနှုန်းကို အကြောင်းပြန်ဖို့လည်း တရားဝင် အကြောင်းကြားထားပြီး ဖြစ်သည်။ ရီးရဲမက်ဒရစ်က ရွန်နေကို တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ပေးမည့်အပြင် ဆုကြေးငွေ ပေါင် သန်း၉၀ ထပ်ဆောင်းပေးမည်ဟု မက်လုံးပေးထားပြန်သည်။ ယင်းငွေကြေးပမာဏများက မန်ယူကလပ်ရော ရွန်နေကိုယ်တိုင်ပါ မက်မောဖွယ်ရာပင် ဖြစ်နေသည်။

ရီးရဲဆန္ဒ

ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ဖလိုရင်တီနိုပီရက်ဇ်က ရွန်နေကို ချင်ခြင်းတပ်နေသည်။ ပြီးခဲ့သည့်နှစ်က စီရိုနယ်ဒိုကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ဖြင့် ခေါ်ယူဖို့ ကြိုးစားစဉ်ကလည်း စီရိုနယ်ဒိုမှ စီရိုနယ်ဒိုဖြစ်ခဲ့သည်။ စီရိုနယ်ဒိုကို အံ့အားသင့်စရာ ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည်။ ယခုနှစ်၌ ရွန်နေကို ပေါင်သန်း ၁၅၀ဖြင့် ခေါ်ယူလိုသော ဆန္ဒပြင်းပြနေပြန်သည်။ မိမိတို့ ရီးရဲမက်ဒရစ်ကလပ်သည် ငွေကြေးကို စကားပြောစရာမရှိ၊ အားကစားသမားကောင်းရရန်သာ အရေးကြီးသည်ဟု ပီရက်ဇ်က ဆိုနေသည်။



ရွန်နေ

ရွန်နေ

အသက် ၂၄နှစ်အရွယ်ရှိသည့် ရွန်နေသည် မန်ယူ၌ ခြေကျင်းဝတ်ဒဏ်ရာကြောင့် လောလောဆယ်မကစားနိုင်ချေ။ ရွန်နေမှာ ယခုနှစ်၌ ဂိုးသွင်းခြေမြူးပြီး ခြေစွမ်းလည်း ပြနိုင်သည်။ ကစားဖော်များ ဂိုးသွင်းနိုင်ရေး ဖန်တီးပေးနိုင်သကဲ့သို့ မိမိကိုယ်တိုင်လည်း ဂိုးများသွင်းယူနိုင်အောင်ကြိုးစားခဲ့သည်။

ဂိုးသွင်း

ယခုနှစ် ပရီမီယာလိဂ်၌ ပွဲစဉ် (၃၆) ကစားပြီးချိန်အထိ မန်ယူအတွက် ရွန်နေ ၂၆ဂိုးသွင်းယူပေးထားနိုင်သည်။ တစ်ဖန် ယခုနှစ် မန်ယူအတွက် စုစုပေါင်း ၃၄ဂိုး သွင်းယူပေးထားရာ ရီးရဲမက်ဒရစ်တို့ မျက်စိကျစရာဖြစ်လာသည်။ ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်က ရွန်နေကို လာမည့်နွေရာသီ၌ ခေါ်ယူလိုသော်လည်း မန်ယူနှင့် ရွန်နေတို့ စာချုပ်သက်တမ်းက နှစ်နှစ်ကျန်ရှိနေသည်။ သို့သော် ယင်းစာချုပ်ကို ရီးရဲဥက္ကဋ္ဌ ပီရက်ဇ်က အလေးမထားကြောင်း ဆိုထားသည်။

ပီရက်ဇ်ဆန္ဒ

ရီးရဲဥက္ကဋ္ဌပီရက်ဇ်က လာမည့်ဘောလုံးရာသီတွင် စီရိုနယ်ဒိုနှင့် ရွန်နေတိုက်စစ်အတွဲ ရီးရဲမက်ဒရစ်၌ ကစားသည်ကို မြင်တွေ့လိုသော ဆန္ဒရှိနေသည်။ ထို့အပြင် ပီရက်ဇ်က လက်ရှိ အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုအား ရီးရဲနည်းပြအဖြစ် ပြန်လည်တာဝန်ပေးရန်လည်း ဆန္ဒရှိနေပြန်သည်။ ကာပယ်လိုသည် ရီးရဲမက်ဒရစ်၌ နည်းပြတာဝန်ယူခဲ့ဖူးသည်။ ရီးရဲမက်ဒရစ်ကိုလည်း လာလီဂါဖလားရအောင် စွမ်းဆောင်ပေးခဲ့နိုင်သူလည်းဖြစ်သည်။ သို့သော် ကာပယ်လိုနှင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်တို့က ၂၀၁၂ ခုနှစ်အထိ နည်းပြတာဝန် ထမ်းဆောင်ရန် စာချုပ်ထားသည်။

ရွန်နေဆန္ဒ

ရွန်နေကို စီရိုနယ်ဒိုကလည်း ရီးရဲမက်ဒရစ်၌ လာရောက်ကစားရန် ခေါ်နေသည်။ ရွန်နေကိုယ်တိုင်ကလည်း ကလပ်အသင်း ပြောင်းရွှေ့ကစားမှုကို စိတ်ဝင်စားနေသည်။ ထို့အပြင် ရီးရဲမက်ဒရစ်က ပေးသော လုပ်ခလစာနှင့် အခြားငွေကြေး အရပ်ရပ်ကလည်း မက်မောဖွယ်ရာဖြစ်နေပြန်သည်။ မိမိပြောင်းရွှေ့လျှင် မန်ယူကလပ်အတွက် ရရှိမည့်ငွေကြေးကလည်း နည်းလှသည်မဟုတ်၊ မန်ယူကလပ်ပိုင်ရှင် ဂလေဇာမိသားစုက ရီးရဲတို့ပေးသော ပြောင်းရွှေ့ကြေးကို ငြင်းပယ်ရန် ခက်ခဲစရာ ဖြစ်နေသည်။ ရွန်နေ၏ အနာဂတ်က စိတ်ဝင်စားစရာကောင်းနေပါကြောင်း ။ ။

ကိုးကား-အင်တာနက်

ရွန်နေမပါသော်လည်း မန်ယူ ဖလားရယူနိုင်

လန်ဒန် ဧပြီ ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် မန်ယူက အိမ်ကွင်း၌ စပါးကို တိုက်စစ်မှူး ရွန်နေမပါဘဲ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားပြီး အမှတ်ပေးဇယား ထိပ်ဆုံးသို့ ရောက်ရှိလာသည်။

ကြေညာချက်

ယင်းရလဒ်ကြောင့် မန်ယူသည် ယခုနှစ် ဘောလုံးရာသီတွင် ရွန်နေမပါဘဲ မန်ယူဖလားဆွတ်ခူးနိုင်ဖွယ်ရှိကြောင်း နည်းပြကြီး ဖာဂူဆန်က ထုတ်ဖော် ပြောကြား လိုက်သည်။ တိုက်စစ်မှူး ရွန်နေသည် မန်ယူကွင်း၌ လေ့ကျင့်မှု ပြုလုပ်စဉ် ခြေသလုံးကြွက်သား အနာတရဖြစ်ခဲ့သဖြင့် လာမည့် သီတင်းပတ် နှစ်ပတ် သို့မဟုတ် သုံးပတ် အနားယူ ရဖွယ်ရှိကြောင်း မန်ယူ၏ ကြေညာချက်တွင် ဖော်ပြသည်။

ယှဉ်ပြိုင်ကစား

ပွဲစဉ် (၃၆)အပြီး မန်ယူက နှစ်မှတ်အသာဖြင့် ဦးဆောင်နေသည်။ မန်ယူတို့ လက်ကျန်ပွဲများအဖြစ် ဆန်းဒါးလန်းနှင့်လည်းကောင်း၊ နောက်ဆုံးပွဲစဉ်၌ စတုတ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ဖက်ဒရေးရှင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ အီတလီ အနိုင်ရ

ရောမ ဧပြီ ၂၅

ဖက်ဒရေးရှင်းဖလား တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ အီတလီ အမျိုးသမီးအသင်းက ချက်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရလိုက်သည်။

အီတလီတင်းနစ်မယ် ပါနက်သာက ချက်မှ ဟီရာဒက်ကာအား ၆-၄၊ ၇-၅ ဖြင့် အနိုင်ကစားနိုင်သကဲ့သို့ အီတလီမှ ချီယာဘွန်းက ချက်တင်းနစ်မယ် ဆာဖာရိုဗာအား ၆-၀၊ ၆-၂ ဖြင့် အနိုင်ကစားနိုင်ခဲ့သည်။

သို့သော် အမေရိကန်အမျိုးသမီးအသင်းနှင့် ရုရှားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ပွဲစီ သရေပွဲဖြစ်ခဲ့ရသည်။ အမေရိကန်အသင်းတွင် နာမည်ကြီးဆီရီနာဝီလျံနှင့် ဗီးနပ်စ်ဝီလျံတို့ မပါဝင်ခဲ့ပေ။ **(အင်တာနက်)**

ဒိန်းမတ်လက်ဝှေ့သမားကက်စလာ ကားဖရေ့အား အမှတ်ဖြင့်အနိုင်ယူ

လန်ဒန် ဧပြီ ၂၅

ဗြိတိသျှလက်ဝှေ့သမား ကားဖရေ့နှင့် ဒိန်းမတ်လက်ဝှေ့သမား မိုက်ကယ် ကက်စလာတို့သည် ဧပြီ ၂၄ရက်က ဒဗလျူဘီစီစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ထိုးသတ်ခဲ့ကြရာ လက်ရှိချန်ပီယံကားဖရေ့ အမှတ်ဖြင့် ရှုံးနိမ့်ပြီး ချန်ပီယံခါးပတ် ဆုံးပါးခဲ့ရသည်။

မိုက်ကယ်ကက်စလာက ကိုးချီမြောက်တွင် ကားဖရေ့အား ဝဲဘက်မျက်ခုံးကို ကွဲအောင်ထိုးနိုင်ခဲ့ပြီးနောက် ကားဖရေ့မှာ ထိုးချက်များ လွဲချော်ခဲ့ရသည်။ ပြိုင်ပွဲတစ်လျှောက်လုံး ကက်စလာက ကားဖရေ့အား မှန်မှန်ထိုးသတ်နိုင်ခဲ့ရာ ပွဲအပြီး အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ကက်စလာသည် ကားဖရေ့အား ၁၁၇-၁၁၁၊ ၁၁၅-၁၁၃၊ ၁၁၆-၁၁၂ ဖြင့် နိုင်ပြီး ချန်ပီယံခါးပတ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အက်ဆီယံ လွဲချော်ဖွယ်ရှိ

လန်ဒန် ဧပြီ ၂၅

တောင်အာဖရိက၌ကျင်းပမည့် ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် လွဲချော်နိုင်ဖွယ်ရှိကြောင်း ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်အက်ဆီယံက ဧပြီ ၂၅ရက်၌ ထုတ်ဖော် ပြောကြားလိုက်သည်။

အသက်၂၇နှစ်ရှိ အက်ဆီယံသည်တံကောက်ကြောထိခိုက်ဒဏ်ရာရခဲ့၍ ဒီဇင်ဘာလမှစပြီး ချယ်လ်ဆီးအတွက် မကစားနိုင်ခဲ့ပေ။ ၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလက ဂါနာအသင်းအတွက် အာဖရိကနိုင်ငံများဖလား ကစားပေးစဉ် ဒူးခေါင်းထိခိုက် ဒဏ်ရာရခဲ့သေးသည်။ ဂါနာအသင်းသည် လာမည့် ဇွန် ၁၃ရက်တွင် ဆားဘီးယားအသင်းနှင့် ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မိမိ၏ ဒဏ်ရာများသည် ချယ်လ်ဆီးအတွက်သာမက ဂါနာအသင်းအတွက်ပါ ကစားနိုင်တော့မည့် အခြေအနေ မရှိကြောင်း အက်ဆီယံက ဝန်ခံပြောကြားသည်။ (အင်တာနက်)



မြင့်မောင်စိုး-ရေးသားသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဂျွန်ကာရူးအားခေါ်ယူရန် ဖူလ်ဟမ်ကြိုးစား

ဖူလ်ဟမ်အသင်းသည် တိုက်စစ်မှူး ဇာမိုရာ၏တာဝန်ကို မျှယူရန်အတွက် အက်စ်တွန်ဗီလာတိုက်စစ်မှူး ဂျွန်ကာရူးအား စာချုပ်ခေါ်ယူရန် အရှိန်မြှင့် ကြိုးစားလျက်ရှိသည်။

ဂျရတ်နှင့် တောရက်စ်အားမရောင်းရန် ဘင်နီတက်ဇ် သတိပေး

ကွင်းလယ်ကစားသမား ဂျရတ် သို့မဟုတ် တိုက်စစ်မှူး တောရက်စ် တစ်ဦးဦးကို ရောင်းချပါက လီဗာပူးအသင်းမှ ထွက်ခွာမည်ဟု နည်းပြ ဘင်နီတက်ဇ်က လီဗာပူးအသင်းပိုင်ရှင်အသစ်အား သတိပေးပြောကြားလိုက်သည်။

ဖလက်ချာနှင့် အီးဂဲလ်အား ခေါ်ယူရန် ကွိုင်လီစီစဉ်

ဘော်လ်တန်အသင်းနည်းပြ အိုဝင်ကွိုင်လီသည် ၎င်း၏အသင်းဟောင်း ဘန်လေမှ စကော့တလန်တိုက်စစ်မှူး စတီဗင်ဖလက်ချာနှင့် တောင်ပံကစားသမား ခရစ်အီးဂဲလ်တို့အား ခေါ်ယူရန် စီစဉ်နေသည်။

ခရစ္စတီယန်အားစာချုပ်ရန် ဝက်စ်ဟမ်းနှင့်ဆန်းဒါးလန်း ကြိုးပမ်း

ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်းတို့သည် ဘာမင်ဂမ်တိုက်စစ်မှူး ခရစ္စတီယန် ဘင်နီတက်ဇ်အား စာချုပ်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြသည်။

အက်ရှလေယန်းအား ဘာစီလိုနာ ပစ်မှတ်ထား

ယခုနွေရာသီတွင် အက်စ်တွန်ဗီလာကြယ်ပွင့် အက်ရှလေယန်းအား ပြောင်းရွှေ့ကြေး ပေါင် ၂၅သန်းပေး၍ စာချုပ်ခေါ်ယူရန် ဘာစီလိုနာက ပစ်မှတ်ထားနေသည်။

တိုက်စစ်မှူး ဆီလ်ဗာအား မိုယက်စ် ချဉ်းကပ်နေ

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် အသက် ၁၉နှစ်ရှိ ပေါ်တူဂီ ဆယ်ကျော်သက်တိုက်စစ်မှူး ဂျိုအာယိုဆီလ်ဗာအား စာချုပ်ခေါ်ယူရန် ချဉ်းကပ်နေသည်။

မားကွက်ဇ်အား ခေါ်ယူရန် စပါး စိတ်ဝင်စား

စပါးအသင်းသည် လာမည့်ဇွန်လတွင် ခြေထောက်ကျိုးဒဏ်ရာမှ ပြန်လည်သက်သာလာဖွယ်ရှိသည့် အသက် ၂၃နှစ်ရှိ အက်စ်ပန်ညိုကစားသမား ဂျာမီ မားကွက်ဇ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ဂါးလက်စ်ကြောင့် အာဆင်နယ်ကိုကျောခိုင်းခဲ့ဟု တိုရေးပွင့်ဟ

အာဆင်နယ်ကစားဖော်ဟောင်း ဝီလျံဂါးလက်စ်နှင့် ဆက်ဆံရေးမပြေလည်မှုကြောင့် နောက်ဆုံးတွင် အာဆင်နယ်မှ ထွက်ခွာခဲ့ရကြောင်း မန်စီးတီးရောက် အာဆင်နယ်ကစားသမားဟောင်း ကိုလိုတိုရေးက ဖွင့်ဟသည်။

ဘယ်လင်တိုင်းချန်ပီယံရှစ်ဂေါက်သီးဆုဖလား ပရေဇာဆွတ်ခူး

တောင်ကိုရီးယားနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပသော ဘယ်လင်တိုင်းချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျမှ အသက် ၃၁နှစ်ရှိ ဂေါက်သီးကစားသမား မားကတ်စ်ဖရေဇာသည် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက် လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၆၉ချက်ဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဇူးရစ်ကလပ်ဆစ် ဂေါက်ရိုက်ပြိုင်ပွဲ၌ ဂျာဆန်ဘွန်းဦးဆောင်

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် အာဗွန်ဒေးလ်မြို့၌ ကျင်းပသည့် ဇူးရစ်ကလပ်ဆစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးသမား ဂျာဆန်ဘွန်းက သတ်မှတ်ရိုက်ချက်အောက် ၁၂ချက် လျှော့ရိုက်ကာ လျှော့ရိုက်ချက် ကိုးချက်စီအသီးသီးရရှိထားသော ဂျာမနီမှ အဲလက်စ်ဆက်ဂျ်ကာနှင့် ဩစတြေးလျမှ ဂရက်ချယ်လ်မာတို့ထက် လျှော့ရိုက်ချက် သုံးချက်အသာဖြင့် ဦးဆောင်နေသည်။

လန်ဒန်မာရသွန် အမျိုးသားပွဲစဉ် ကီဘီဒီ ရွှေတံဆိပ်ဆွတ်ခူး

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ကျင်းပသော လန်ဒန်မာရသွန်ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် အီသီယိုးပီးယားမှ အသက်၂၇နှစ်အရွယ်ရှိ ပြေးခုန်ပစ်ကစားသမား တီဆီဂါယီ ကီဘီဒီသည် ၂နာရီ ၁၃မိနစ် စက္ကန့် ၄၀ဖြင့် ပန်းဝင်ကာ ဒုတိယနေရာမှ ကင်ညာ ပြေးခုန်ပစ်ကစားသမား အီမန်နျူယယ်မူတိုင်အား တစ်မိနစ် ဖြတ်ထားနိုင်ခဲ့ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ။

ဒဏ်ရာရပြည်သူများ ဆေးကုသရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

၂၀၁၀ခုနှစ် Air Bagan မဟာသင်္ကြန်မဏ္ဍပ်မှ တေးသံရှင် နှစ်ဦး၊ Air Bagan Ltd. မှ ဒါရိုက်တာများ၊ လေယာဉ်မှူးကြီးများ၊ မြေပြင်ဝန်ထမ်းများ၊ လေယာဉ်မောင်၊ လေယာဉ်မယ်များမှစ၍ ညစောင့်ဝန်ထမ်းများက ငွေကျပ် ၁၁၁၃၈၀၀၀ကို ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့) နံနက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်းရာ လူနာရှင်များကိုယ်စား ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံယူသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ယခုအပတ် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် ဧပြီ ၂၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၁၅)၌ ဝါးလုပ်ငန်းကုမ္ပဏီတစ်ခု ငွေကျပ် ၃၃၅သိန်း အခိုးခံရမှု သင်္ကြန်အကြတ်နေ့က ဖြစ်ပွား၊ ရန်ကုန်မြို့လယ် စတိုးဆိုင်ကြီးတစ်ဆိုင် သင်္ကြန်အတွင်း ငွေကျပ် ၇၈သိန်း ကျော်ဖိုး ဖောက်ထွင်းခံရ၊ ဆယ်ကျော်သက်မိန်းကလေးငယ်များကို လူကုန်ကူးသူတို့ ပစ်မှတ်ထားလာ၊ စတင်ဆောက်လုပ်ခါစ အဆောက်အအုံတစ်လုံး ဖောင်ဒေးရှင်း ပြုလုပ်နေစဉ် သံကူငြမ်းများပြိုလဲမှုဖြစ်ပွား၊ ဂီတအနုပညာရှင်များအား အခွန်ကောက်ခံရာတွင် လုပ်ငန်းပကတိအခြေအနေပေါ်မူတည်၍ စည်းကြပ်ကောက်ခံသွားမည်၊ ရန်ကုန်-နေပြည်တော် လေကြောင်းခရီးစဉ် ပုဂ္ဂလိကလေကြောင်းလိုင်းများ ပြေးဆွဲခြင်း မပြုတော့၊ သစ်ထောက်ခံချက်များကို တင်ပြနိုင်မှသာလျှင် ပြည်ပနိုင်ငံများသို့ တင်ပို့ခွင့်ရရှိတော့မည် စသည့် ပြည်တွင်းသတင်းများနှင့်အတူ မဟာသင်္ကြန်အကြတ်နေ့က ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုတွင် ကိုယ်တွေ့ကြုံခဲ့ရသူများ ပြန်ပြောင်းပြောပြသည့် 'မေ့ရနိုင်မည်မဟုတ်သော ထိုတစ်နေ့' သတင်းဆောင်းပါး၊ ဆရာဘုန်းလူလူရေးသော နိုင်ငံရေးမိတ်ဆက် 'အယူအဆနှင့် အကျိုးဆက်များ-၃' POLITICAL COLUMN ရွေးကောက်ပွဲအထူးကဏ္ဍများ၊ အံ့ဖွယ်လူသားဟု ဆိုနိုင်လောက်သော လူခြောက်ကလေး၏ ရှင်ပြုအလှူပွဲတစ်ခု ကချင်ပြည်နယ် မိုးညှင်းတွင် ပြုလုပ်၊ ရိုးရာဝလေ့ ရိုးရာအလှနှင့် တင့်တယ်လှပ ရေအိုးရွက်အက Myanmar Discovery ၊ 'စီးပွားရေးကတော့ တိုတဲ့လက်နဲ့လှမ်းရင် တိုမယ် ရှည်တဲ့လက်နဲ့လှမ်းရင် ရှည်မယ် ကိုယ့်ဘက်က တိုးတက်အောင်ကြိုးစားဖို့ပဲရှိတယ်' မြင်းလှည်းမောင်းသမားတစ်ဦး၏ သူ့ဘဝ သူ့ဒဿန၊ အဖြူရောင်အလိမ်၊ ငို့ဘကွဲသို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

'လူမျိုးသုဉ်း သတ်ဖြတ်တဲ့အကြောင်းမပြောနဲ့' တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အီရန်၏ အဝေးပြေးဒုံးကျည်က အမေရိကန်အား ၂၀၁၅တွင် ပစ်ခတ်ထိမှန်စေဖွယ်ရှိ၊ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပဋိပက္ခများ အဆုံးသတ်ဖွယ်မရှိ၊ Black Windows တစ်ကျော့ပြန်လာပြီလား၊ ဆယ်ကျော်သက် ကျောင်းသူအား သတ်မှုဖြင့် နိုက်ကလပ်လူဆိုးထိန်း စွဲချက်တင်ခံရ၊ စင်ကာပူသို့ ဘေးမကင်းသော စားသောက်ကုန်များ ပိုမိုဝင်ရောက်လာ၊ ဂူဂဲလ်၏ စကားဝှက်ပရိုဂရမ်အတွင်း ဟက်ကာတို့ ဝင်ရောက်ခိုးယူ၊ အိန္ဒိယတွင် ကမ္ဘာပေါ်၌ အကြီးဆုံးသန်းခေါင်စာရင်းကောက်ခံမှုပြုမည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ ***(သတင်းစဉ်)***

မီးပုံ မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မြဝတီရုပ်မြင်သံကြား

အစီအစဉ်

၂၆-၄-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	တရားတော်
၄:၃၀	၄။	အမျိုးသားရေး တေးကဗျာ
၄:၃၅	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၀	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	စိုက်ပျိုးသုတ
၄:၅၅	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	အမျိုးသားရေး တေးကဗျာ
၆:၂၀	၁၃။	လျှပ်တစ်ပြက်
၆:၄၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	Talk of the Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (ဇာတ်သိမ်းပိုင်း)

အီတလီတို့ ဗိုလ်စွဲခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ

ရေးသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရောမ ဧပြီ ၂၅

လေးနှစ်တစ်ကြိမ် ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဒုတိယအကြိမ်မြောက် ပြိုင်ပွဲကိုတော့ အီတလီနိုင်ငံမှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အီတလီနိုင်ငံမှာ ကျင်းပဖြစ်ဖို့အတွက် အာဏာရှင် မူဆိုလိုနီကိုယ်တိုင်က တွန်းအားပေးဆောင်ရွက်ခဲ့တာကြောင့်လည်း ပါဝင်ပါတယ်။

ပါဝင်ယှဉ်ပြိုင်

၁၉၃၄ ခုနှစ်မှာ ကျင်းပတဲ့ အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဘောလုံးအသင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲမစတင်မီကတည်းက နာမည်ကြီးရေပန်းစားနေတဲ့ အသင်းတွေကတော့ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ဥရုဂွေးနဲ့ အင်္ဂလန်အသင်းတို့ပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ထူးထူးခြားခြား ခြေစစ်ပွဲအောင်လာတဲ့ အသင်းကတော့ အီဂျစ်အသင်းပဲဖြစ်ပြီး မထင်မှတ်ဘဲ ခြေစစ်ပွဲအောင်လာတာဖြစ်ပါတယ်။ ဘယ်သူကမှ မျှော်လင့်မထားတဲ့ အသင်းလည်းဖြစ်နေပါတယ်။

ဗိုလ်စွဲ

၁၉၃၄ ခုနှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲတက်ခဲ့တဲ့ အသင်းတွေကတော့ အိမ်ရှင်အီတလီနဲ့ ချက်ကိုစလိုဗက်ကီးယားအသင်းတို့ပဲ ဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲမှာ ပွဲချိန် မိနစ် ၉၀ ပြည့်တဲ့အထိ သရေပွဲဖြစ်နေလို့ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရပြီး အီတလီကွင်းလယ်တိုက်စစ်မှူး ဆာချီရာဗီရိုက အနိုင်ဂိုးကို အနီးကပ် လျှပ်တစ်ပြက်သွင်းယူခဲ့လို့ အီတလီတို့ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါတယ်။ အီတလီမြေပေါ်မှာကျင်းပခဲ့ပြီး အိမ်ရှင်အီတလီအသင်း ဗိုလ်စွဲခဲ့တာမို့ အီတလီဘောလုံး ပရိသတ်တွေဟာ ရောမမြို့အပါအဝင် မြို့ကြီးတိုင်းမှာ ညလုံးပေါက် အောင်ပွဲခံခဲ့ကြပါတယ်။

ထူးခြားမှု

အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အိမ်ရှင်အီတလီနဲ့ စပိန်အသင်းတို့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပွဲချိန်ပြည့်ကစားပြီးတဲ့အပြင် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ပေမယ့် သရေပွဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့် နောက်တစ်နေ့မှာ ဘောလုံးပြိုင်ပွဲ ထပ်မံကစားခဲ့ကြရပြီး အီတလီက အနိုင်ရရှိခဲ့လို့ စပိန်တို့ ကွာတားအဆင့်ကပဲ အိမ်ကို ပြန်ခဲ့ရခြင်းကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

၁၉၃၄ခုနှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်အီတလီအသင်း ဗိုလ်စွဲခဲ့ပြီး ပရိသတ်များနှင့်အတူ ဤသို့အောင်ပွဲခံခဲ့ကြသည်မှာ····။

ရွှေဖိနပ်ဆု

၁၉၃၄ ခုနှစ် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ စုစုပေါင်း သွင်းဂိုးဟာ ၇၀ ရှိခဲ့ပါတယ်။ ဒါကြောင့် ဘောလုံးပွဲတစ်ပွဲရဲ့ သွင်းဂိုးဟာ ပျမ်းမျှ ၄ဒသမ ၁၂ရာခိုင်နှုန်းရှိခဲ့သလို ဗိုလ်စွဲခဲ့တဲ့အီတလီအသင်းဟာ စုစုပေါင်း ၁၂ဂိုးသွင်းယူခဲ့လို့ ပြိုင်ပွဲဝင်အသင်းတွေထဲမှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ တစ်ဦးတည်း ဂိုးအများဆုံးသွင်းယူပြီး ရွှေဖိနပ်ဆု ရရှိခဲ့တဲ့ကစားသမားကတော့ ချက်ကိုစလိုဗက်ကီးယားအသင်း တိုက်စစ်မှူး နီဂျက်လီပဲဖြစ်ပါတယ်။

ထူးခြားဖြစ်စဉ်

အီတလီကမ္ဘာ့ဖလားပွဲမှာ ပြိုင်ပွဲမဝင်ခင်ကတည်းက နာမည်ကြီးခဲ့တဲ့ ဘောလုံးအသင်းတွေအားလုံး ခြေစစ်ပွဲအောင်ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ဥရုဂွေးအသင်းကတော့ ခြေစစ်ပွဲမဝင်နိုင်ကြောင်း၊ တိုက်ရိုက်ကွာတားဖိုင်နယ်အဆင့်က စတင်ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်း ပြောကြားပြီး ပြိုင်ပွဲဝင်ဖို့ ငြင်းဆိုခဲ့ပါတယ်။

၁၉၃၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အာဂျင်တီးနားအသင်းမှ လူးရစ်မွန်တီဟာ ၁၉၃၄ ခုနှစ် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြန်လည်ပါဝင်ကစားပြီး ထူးထူးခြားခြား ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြိုင်ပွဲဝင်အသင်းတွေရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ အဆုံးအဖြတ်ပွဲစဉ်တွေဟာ မပြီးပြတ်ခဲ့လို့ အမေရိကန်နဲ့ မက္ကဆီကိုအသင်းတွေဟာ အီတလီနိုင်ငံ ရောမမြို့မှာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမစတင်မီ နောက်ဆုံးခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြရပါတယ်။

နောက်ပြီး အီတလီနိုင်ငံ လက်ရွေးစင်ဘောလုံးသမား အလီမင်တီဟာ လာဘ်ပေးလာဘ်ယူမှုကြောင့် ဘောလုံးကစားခြင်းမှ ရာသက်ပန် ထုတ်ပယ်ထားပေမယ့် အီတလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အီတလီအသင်းအတွက် အီတလီဘောလုံးအဖွဲ့ချုပ်က ပြန်လည်ခေါ်ယူကစားစေခဲ့တာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

ဗိုလ်လုပွဲ

အိမ်ရှင်အီတလီနဲ့ ချက်ကိုစလိုဗက်ကီးယားတို့ရဲ့ ၁၉၃၄ ခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲဟာလည်း ပွဲကြီးပွဲကောင်း ဖြစ်ခဲ့ပါတယ်။ ချက်ကိုစလိုဗက်ကီးယားအသင်းဟာ အိမ်ရှင်အီတလီအသင်းကို ပွဲချိန် မိနစ် ၇၀ အထိ အသာစီးကစားနိုင်ခဲ့ပါတယ်။ ပွဲချိန်မိနစ် ၉၀ပြည့်တဲ့အထိ သရေပွဲဖြစ်နေတာမို့ အချိန်ပို ထပ်မံကစားခဲ့တဲ့အခါ အီတလီတိုက်စစ်မှူး ဆာချီရာဗီရိုက အနိုင်ဂိုးသွင်းယူခဲ့လို့ အီတလီတို့ ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒုတိယရရှိခဲ့တဲ့ ချက်ကိုစလိုဗက်ကီးယားအသင်းမှာ အသင်းခေါင်းဆောင်လည်းဖြစ်၊ ဂိုးသမားလည်းဖြစ်တဲ့ ဖရန်တီဆက်ပလာနစ်ကာဟာ ထူးထူးခြားခြား လက်စွမ်းပြပြီး အပိုင်ကန်သွင်းခွင့်တွေကို ကာကွယ်နိုင်ခဲ့လို့ အီတလီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ နာမည်ကြီးခဲ့သူ ဖြစ်ပါတယ်။

အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ ပရိသတ် ၅၅၀၀၀ ဆံ့တဲ့ ပီအင်န်အက်ဖ်အားကစားကွင်းကြီးထဲမှာ အီတလီအသင်းဟာ ကမ္ဘာ့ဖလားကြီးကို ကိုင်မြှောက်ကာ ကွင်းတစ်ပတ်ပြေး၍ ပရိသတ်တွေနဲ့အတူ အောင်ပွဲခံခဲ့ကြပါတယ်။ ။

(အင်တာနက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖု များထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲ

ဧပြီ ၁၇ရက်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဇီဝိတဒါန(အာဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲတွင် ငါးမျိုးစုံကို မင်္ဂလာကန်တော် အတွင်းသို့ လွှတ်ပေးစဉ်။

(သတင်းစဉ်)

ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်အောင်ဆောင်ရွက် ညွှန်ကြားချက်များနှင့်အညီ တိကျမှန်ကန်စွာလုပ်ဆောင်

နေပြည်တော် ဧပြီ ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်တာဝန်ပေးအပ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အားကြိုးမာန်တက်

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးတွင် ယခင်နှစ်ကရရှိခဲ့သော အတွေ့အကြုံများ၊ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်၍ ရည်မှန်းချက် တာဝန်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တိကျမှန်ကန်စွာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီး အားကြိုးမာန်တက် စီမံဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စက်ရုံမှူးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မြန်မာ့စက်မှုလုပ်ငန်းများ၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများမှ စက်မှုကုန်ကြမ်း စိုက်ကွင်းတာဝန်ခံများက ကုန်ကြမ်းစိုက်ခင်းများ၏ စိုက်ပျိုးမှု၊ ကုန်ကြမ်းရရှိမှုတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများက လျှပ်စစ်နှင့် ဘွိုင်လာ စစ်ဆေးခြင်း၊ စက်မှုလုပ်ငန်းများ သက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် စက်မှုလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသည်။

ခြုံငုံသုံးသပ်

ထို့နောက် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနနှင့် စက်မှုလုပ်ငန်းများ၏ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ် ရှင်းလင်းတင်ပြပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းရည်မှန်းချက် အောင်မြင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရပ်ကွက်အတွင်းမှစက်ရုံများ စိစစ်ပေးစေလို

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ၁၄၊ (၈)ရပ်ကွက် ရာဇာဓိရာဇ် ဖလမ်းနှင့် ရန်ကုန်လမ်းကြားတွင်လုပ်ကိုင်နေသော ဖယောင်းတိုင်စက်ရုံတစ်ရုံနှင့် ရာဇာဓိရာဇ် ဖလမ်းထိပ်နှင့် ရန်ကုန်လမ်းထိပ် ဟံသာဝတီလမ်းမဘေးတွင် ပဲခွဲစက်ရုံနှင့် လောင်စာမီးသွေးတောင့်စက်ရုံတို့တည်ရှိပြီး ရပ်ကွက်သူရပ်ကွက်သားများကလည်း ဟံသာဝတီလမ်းမကြီးကို ကိုယ့်အားကိုယ်ကိုးလမ်းခင်းထားပါသည်။ ထိုလမ်းမပေါ်မှတစ်ဆင့် အဆိုပါစက်ရုံများသို့ ဆယ်ဘီးကားကြီးများ ဝင်ထွက်သွားလာသဖြင့် လမ်းများပျက်စီးရသည့်အပြင် စက်ရုံများမှအနံ့ဆိုးများထွက်ခြင်း၊ ဆူညံသံများဖြစ်ခြင်းနှင့် မီးဘေးအန္တရာယ် စိုးရိမ်နေရခြင်းများဖြစ်ပေါ်လျက်ရှိရာ ရပ်ကွက်သူ ရပ်ကွက်သားများအနေဖြင့် နေ့စဉ် စိုးရိမ်သောက ဖြစ်နေကြရပါသည်။ သို့ပါ၍ အဆိုပါစက်ရုံများမှာ လူနေရပ်ကွက်တွင် မသင့်လျော်ပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

ရပ်ကွက်သူ ရပ်ကွက်သားများ

သားငါးဈေးသည်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်း

စာတည်းရှင့်-

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ရတနာလမ်းနှင့် ငမောက်လမ်းထောင့်ရှိ ကျူးကျော်သားငါးဈေးသည်များက ရေဆိုးများသွန်ခြင်းကြောင့် အနံ့ဆိုးများထွက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ကြွက်တွင်းများဖောက်ခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် ကျူးကျော်သားငါးဈေးသည်များ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ဝက်မွေးကြက်သတ် အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် အောင်ပြည်ငြိမ်းလမ်းမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးသည် နေအိမ်တွင် ဝက်မွေးခြင်း၊ ကြက်သတ် ရောင်းခြင်းများ ပြုလုပ်နေပါ၍ အနံ့အသက်ဆိုးများနံလျက်ရှိရာ အိမ်နီးချင်း ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်စေပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

လူသွားပလက်ဖောင်းပေါ် ခင်းကျင်းရောင်းချမှု ပြည်သူများသွားလာရန် အခက်အခဲကြုံတွေ့နေ

စာတည်းရှင့်-

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့ လူစည်ကားရာ မြို့မရပ်ကွက် ၁လမ်းရှိ ဈေးသည်များသည် လူသွားပလက်ဖောင်းစင်္ကြံပေါ်တွင် အမိုးမိုး၍ ဈေးခင်းကျင်းရောင်းချနေသည့်အတွက် ပြည်သူများသွားလာမှု အခက်အခဲဖြစ်သည့်အပြင် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

သံပန်းလုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ဗညားဒလလမ်း အိမ်တစ်အိမ်တွင် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ သံပန်း၊သံတံခါးနှင့် ဝရိန်လုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိရာ မီးစက်မောင်းသံ၊ ဝရိန်တို့သံနှင့်သံချောင်းများ ဖြတ်တောက်ထုရိုက်သံ၊ သံပေါင်များ ကျောက်စက်ဖြင့် တိုက်စားသည့် ဆူညံသံတို့အပြင် ၄င်းတို့ကို ဖြတ်တောက်ပွတ်တိုက်မှုမှ ထွက်ပေါ်လာသော မီးခိုးနံ့၊ အငွေ့နံ့များသည် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်လျက်ရှိရာ အဆိုပါလုပ်ငန်းအား စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

လှိုင်သာယာသူ

စည်းကမ်းမဲ့လက်ဖက်ရည်ဆိုင်ကြောင့် မီးဘေးစိုးရိမ်

စာတည်းခင်ဗျား-

မန္တလေးမြို့ ၇၉လမ်း၊ ၂၉လမ်း×လမ်း၃၀ ကြားတွင်ရှိသော လက်ဖက်ရည်ဆိုင်သည် ယာဉ်သွားလမ်းပေါ် ကျူးကျော်ထားသောကြောင့် လမ်းသွားလမ်းလာများနှင့် ခရီးသွားများအား အန္တရာယ်ဖြစ်စေခြင်း၊ အနှောင့်အယှက်ဖြစ်ခြင်းများအပြင် အီကြာကွေး အကြော်ဖိုသည် အိုမင်းနေပြီဖြစ်သော ဗာဒံပင်နှင့်အမိုး မိုးထားသောမိုးကာများကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ဝက်သတ်ရုံ အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ အမှတ် (၇)ရပ်ကွက်၊ နယ်မြေ ၅၊ စက္ကာထေရီလမ်းရှိ ဝက်သတ်ရုံမှထွက်သော အညစ်အကြေးများ၏ အနံ့ဆိုးများကို ရှူရှိုက်နေကြရပါသဖြင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါ၍ ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ယင်ကောင်ကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၁၇-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့ (၁)ရပ်ကွက်တွင် ယင်ကောင်များပေါက်ပွား၍ ကျန်းမာရေးထိခိုက်**ပေးစာနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မုန့်ဖတ်ချဉ်နံ့ ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၁၄-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့ ပြည်သာယာ တိုးချဲ့ရပ်ကွက်ရှိ မုန့်ဖတ်ချဉ်နံ့များကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အိလက်ထရွန်နစ်နှင့်လူသုံးကုန်ပစ္စည်းများပြပွဲကြီး(တောင်ကြီးမြို့)

(၀၂-၅-၂၀၁၀)မှ(၁၆-၅-၂၀၁၀) ဖြန့်ချိစီစဉ်ရန် - Smart Group - Ph : 01-527583, 09 5099079 မြို့တော်ခန်းမ တောင်ကြီးမြို့

နန်းဆုရတီစိုး ဦးစီးကျင်းပသော
LIFESTYLE & IT 2010 ပြပွဲကြီးကို

Co-Sponser (AMC),Main Sponser (DELL),Co-Sponser (New Mobile)

28-4-2010 မှ 1-5-2010 Organized by Milky Way International Co.,Ltd. Tatmadaw Hall

Ph:240266,09-5504510,73029370,09-5363448

မွေးနေ့ မင်္ဂလာဆုတောင်း

ချစ်သမီး မယမင်းသူ(ခ)ဂျက်စီကာ၏ ၂၆-၄-၂၀၁၀ ရက်တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ပြီး ပျော်ရွှင်သော မိသားစုဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် —

ချစ်ဖေဖေ - ဦးဂျိုးဇက်အော်လရံ
ချစ်မေမေ - ဒေါ်သဉ္ဇာ(ခ)ဒေါ်ဇာဇာဝင်း
ချစ်ဘိုးဘိုး - ဦးကြည်အေး
ချစ်ဘွားဘွား - ဒေါ်မလေး။

အမည်ပြောင်း အဖ ဦးတင်ဆန်း၏သမီး မှတ်ပုံတင်အမှတ် ၁၀/ကထန(နိုင်) ၁၀၆၁၅၁ မမိုးစန္ဒာအား ယနေ့မှစ၍ မမိုးဆွေသာဟု ပြောင်းလဲခေါ်ပါရန်။ **မမိုးဆွေသာ။**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ပေါင်မြို့၌ တောင်ပေါ်ရေလှောင်ကန်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (၁၇၆)

လူပျောက်



ဦးဝင်းလှိုင်ထွန်း(ခ) ဦးလှိုင်ဘွားနှင့် မစန်းဌေးယု(ခ) မနန်းစံယုတို့၏သမီး အထက်ပါဓာတ်ပုံရှင် မခင်ခင်ဝင်းလှိုင် ၁၂/လသယ(နိုင်) ဝ၆၅၃၉၀ (၁၄)နှစ်သည် ၁၆-၄-၂၀၁၀ရက် ညနေ ၆း၃၀နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ လက်ခံထားပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ဖခင် - ဦးဝင်းလှိုင်ထွန်း
မိခင် - ဒေါ်နန်းစံယု
ဖုန်း - ၀၉-၅၁၁၄၈၁၆၊
၀၉-၈၆၁၁၈၇၀။

စိန့်အဲ(လ်)ဘတ် ပြင်ဦးလွင်ကျောင်းသားဟောင်းများ ငွေရတုအာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ပြင်ဦးလွင်မြို့ စိန့်အဲ(လ်)ဘတ် အထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကို ပြင်ဦးလွင်မြို့ ဗိုလ်ချုပ်လမ်း ပုလဲခန်းမ၌ မေ၁ရက် (စနေနေ့) နံနက်၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြောက်ဥက္ကလာပ အမက(၁၆) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် အမက(၁၆)(ယခင်ည-၂ အမက) ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ၁ရက် (စနေနေ့) နံနက် ၈နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများတက်ရောက်ကြရန်နှင့် ဆရာဦးကျော်မြင့် ဖုန်း-၀၉-၅၀-၀၇၈၉၆၊ ကိုကျော်ဆန်းထွန်း ဖုန်း-၀၉-၅၁-၃၃၉၂၀၊ မသီသီသန်း ဖုန်း-၀၁-၇၃၀၁၀၃၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

အိမ်ရောင်းမည်

အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်းမပေါ်ရှိ ဘိုးဘွားပိုင်မြေ၊ ၂၆ပေ×ပေ ၆၀ (RC)(သုံးထပ်)Hall Type ၊ မြေအကျယ် ၂၉ပေ × ၁၃၅ ပေ၊ ရေ၊ မီး၊ ဖုန်းပါ။ အင်းစိန်ဈေးအနီး၊ ရန်ကုန်မြို့၊ စီးပွားရေးလုပ်ရန်နေရာကောင်း။

ဖုန်း-၀၉-၅၀၁၆၅၅၈၊ ၀၁-၆၄၄၁၉၉။

ကျောက်တံတားမြို့နယ် ၃၃လမ်း အမှတ် ၁၁၃နေ မိခင်ကြီးဒေါ်စုဟွာ(ခ) ဒေါ်အင်းယာအားရည်စူး၍ ကျန်ရစ်သူ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

နိုင်ဂျာနိုင်ငံ ဆိုသည်မှာ....

နိုင်ငံတကာသတင်းအက်ဆေး **တိုး-ရေးသားသည်**

နိုင်ဂျာနိုင်ငံသည် မြောက်အာဖရိကအတွင်းပိုင်းတွင် တည်ရှိသည်။ ဆာဟာရသဲကန္တာရအစွန်းရှိ ဤနိုင်ငံသည် မိုးခေါင်သည့်နိုင်ငံဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် အများအားဖြင့် စည်းကမ်းကြီးသော စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့သည်။ ဤနိုင်ငံကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

ရွေးချယ်

ဤနိုင်ငံကို ၁၈၉၀ ပြည့်နှစ်၌ ပြင်သစ်ကသိမ်းပိုက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရသည်။ ပါလီမန်က ဟားမင်းကို သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည်။ ၁၉၇၄ ခုနှစ်၌ ဒုတိယဗိုလ်မှူးကြီး ကောင်ချေဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။ ၁၉၈၇ခုနှစ်တွင် ကောင်ချေကွယ်လွန်သဖြင့် စစ်ဦးစီးချုပ် အလီဆေဘို ဆက်ခံသည်။ ၁၉၈၉ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အရပ်သားအစိုးရ ဖွဲ့စည်းရန် ရွေးကောက်ပွဲကျင်းပရာ အလီဆေဘို သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။

၁၉၉၁ခုနှစ် ဇူလိုင်လတွင် အလီဆေဘိုအား ဖယ်ရှားပြီး ယာယီအစိုးရဖွဲ့စည်းသည်။ ၁၉၉၃ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ၌ မဟာမိန်းအူစမိန်းသမ္မတဖြစ်လာသည်။ ၁၉၉၅ခုနှစ် ဇန်နဝါရီလတွင် ၎င်းအား ဗိုလ်မှူးကြီးမိန်နာဆာရာက ဖြုတ်ချအာဏာသိမ်းသည်။ ၁၉၉၆ခုနှစ် ဇူလိုင်လတွင် သမ္မတရွေးကောက်ပွဲ၌ မိန်နာဆာရာအနိုင်ရသည်။ ၁၉၉၉ခုနှစ် ဧပြီလတွင် မိန်နာဆာရာအား သူ့ကိုယ်ရံတော်များက လုပ်ကြံပြီးနောက် ဗိုလ်မှူးစမ်ကေးက အာဏာရယူသည်။ ထိုနှစ်အောက်တိုဘာလနှင့် နိုဝင်ဘာလ၌ မာမာဒိုတန်ဂျာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် မာမာဒိုတန်ဂျာပင် ဒုတိယအကြိမ် ထပ်မံရွေးချယ်တင်မြှောက်ခံရသည်။

ပြဿနာ

သမ္မတ မာမာဒိုတန်ဂျာမှာ နိုင်ငံကို အတော်အတန်တည်ငြိမ်အောင်ထိန်းနိုင်သည့် သမ္မတအဖြစ် ချီးကျူးခံရသည်။ သို့သော် ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ပေါများမှုနှင့် နိုင်ငံခြားကြွေးမြီများမှာ အဓိက စိန်ခေါ်နေသည့် ပြဿနာများဖြစ်သည်။

မိုးခေါင်ရေရှားမှု မကြာခဏ ကြုံရတတ်သည့် ဤနိုင်ငံ၌ ပြည်သူများအား ဝဝလင်လင် ကျွေးနိုင်ရန်ပင် မနည်းကြိုးပမ်းနေရသည်။ လယ်ယာစိုက်ပျိုးရေးမှာလည်း သဲကန္တာရကျယ်ပြန့်စွာ ထိပါးလာမှုကြောင့် ထင်သလောက် အကျိုးမဖြစ်ထွန်းပေ။ ယူရေနီယံတင်ပို့ရောင်းချမှုမှာ ဈေးကစားခံရ၍ အမြဲတမ်းအဆင်ပြေလှသည်ဟု မဆိုနိုင်တော့။

နိုင်ငံရေး

၁၈၉၀ပြည့်လွန်နှစ်များမှစ၍ ပြင်သစ်လက်အောက်ရောက်ခဲ့သည့် ဤနိုင်ငံမှာ သမိုင်းကြောင်းအရ အာဖရိကမြောက်ပိုင်းနှင့် ဆာဟာရဒေသတောင်ပိုင်းကြားရှိ တံခါးပေါက်တစ်ခုဖြစ်သည်။ ၁၉၆၀ပြည့်နှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ဂျာနိုင်ငံ၏ တိုးတက်မှုမှာ နိုင်ငံရေးမတည်ငြိမ်မှု၊ ငါးနှစ်ကြာ မိုးခေါင်ရေရှားမှုတို့က ဟန့်တားနှောင့်ယှက်ခဲ့သည်။

မိုးခေါင်ရေရှားမှုအပြင် ကျိုင်းကောင်များ ကျရောက်မှုကြောင့် စားနပ်ရိက္ခာများ ပြတ်လပ်ကာ ပြည်သူသန်းပေါင်းများစွာတို့၏ စားဝတ်နေရေးမှာ ၂၀၀၅ခုနှစ်ဝန်းကျင်က စိုးရိမ်စရာ ကြုံခဲ့ရသည်။

နိုင်ငံမြောက်ပိုင်းမှ တွာရက်သူပုန်တို့၏ ထကြွမှုကို ဖြေရှင်းရန်လည်း ကြီးမားသည့်တာဝန်ဖြစ်သည်။ ထိုသို့သော ပြဿနာများကို ဖြေရှင်းလျက် ရွှေတူးဖော်မှုနှင့် ရေနံရှာဖွေမှုများ အောင်မြင်လျှင် ဤနိုင်ဂျာနိုင်ငံ၏ အနာဂတ်မှာ အစစအရာရာ အဆင်ပြေချောမွေ့စွာ အောင်မြင်သွားမည်သာဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

၁၈၉၀ပြည့်လွန်နှစ်များမှစ၍ ပြင်သစ်လက်အောက်ရောက်ခဲ့သည့် ဤနိုင်ငံမှာ သမိုင်းကြောင်းအရ အာဖရိကမြောက်ပိုင်းနှင့် ဆာဟာရဒေသ တောင်ပိုင်းကြားရှိ တံခါးပေါက်တစ်ခုဖြစ်၊ ၁၉၆၀ပြည့်နှစ် လွတ်လပ်ရေး ရပြီးနောက် နိုင်ဂျာနိုင်ငံ၏ တိုးတက်မှုမှာ နိုင်ငံရေးမတည်ငြိမ်မှု၊ ငါးနှစ်ကြာ မိုးခေါင်ရေရှားမှုတို့က ဟန့်တားနှောင့်ယှက်ခဲ့။

ဘဝ အမောပြေ

ဒီအတိုင်းပဲ ကောင်းပါတယ်

မျက်စိအထူးကု ဆရာဝန်ကြီးတစ်ဦးသည် လမ်း၌ စမ်းတဝါးဝါးဖြင့် လမ်းလျှောက်နေသည့် အမျိုးသမီးကြီးတစ်ဦးကိုတွေ့၍ မေးမြန်းလေသည်-

ဆရာဝန်ကြီး ။ ။	အဒေါ့်မျက်လုံးတွေက မမြင်ရဘူးလား။
အမျိုးသမီးကြီး ။ ။	ဟုတ်ကဲ့။
ဆရာဝန်ကြီး ။ ။	ကျွန်တော်က မျက်စိအထူးကုဆရာဝန်တစ်ဦးပါ။
အမျိုးသမီးကြီး ။ ။	ဟုတ်ကဲ့။
ဆရာဝန်ကြီး ။ ။	အဒေါ့်မျက်လုံးတွေ ပြန်မြင်ရအောင် ကုသပေးပါ့မယ်။
အမျိုးသမီးကြီး ။ ။	ရှိပါစေတော့ကွယ်။
ဆရာဝန်ကြီး ။ ။	ငွေကြေးမယူဘဲ အခမဲ့စေတနာနဲ့ ကုသပေးမှာပါ။
အမျိုးသမီးကြီး ။ ။	ရှိပါစေကွယ်... ဒီအတိုင်းပဲကောင်းပါတယ်။
ဆရာဝန်ကြီး ။ ။	ဘာဖြစ်လို့လဲ အဒေါ်။
အမျိုးသမီးကြီး ။ ။	ဒီအတိုင်းက ငွေကြေးအလှူခံလို့ ပိုကောင်းလို့ပါ။
ဆရာဝန်ကြီး ။ ။	"ဗျာ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ဘဝဒဿန

- *If You don't Know What You Want From Life, What do You think You Will Get?*
  - *အကယ်၍ ဘဝ၌မည်သည့်အရာများအား ရယူလိုသည်ကို သင်မသိပါက မည်သည့်အရာမျှ ရနိုင်လိမ့်မည်မဟုတ်ပါ။*
- *Be Sure about what You want from Life and doubly sure of what you have to give in return.*
  - *ဘဝ၌ သင်လိုချင်သည့်အချက်ကို သေချာစွာသိပါစေ။ ထို့အပြင် သင်က ပြန်ပေးရမည့်အရာကိုလည်း နှစ်ထပ်ကွမ်းသိနေပါစေ။*
- *No man can Succeed and remain successful without the Friendly Cooperation of others.*
  - *အခြားသူများနှင့် ခင်ခင်မင်မင်ပူးပေါင်းဆောင်ရွက်မှုကိုမရရှိဘဲ မည်သူမျှ အောင်မြင်နိုင်မည်မဟုတ်သကဲ့သို့ ဆက်လက်၍လည်း အောင်မြင်နိုင်မည်မဟုတ်ချေ။* *(ချားလ်ဝီလျံ)*

ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

အသက်အရှည်ဆုံး ချိုးငှက်

ဂျာမနီနိုင်ငံသား မင်ဖရက်မီလာအမည်ရှိ အမျိုးသားတစ်ဦးမွေးမြူထားသော ချိုးငှက်ဖြစ်သည်။ ယင်းချိုးငှက်သည် ၁၉၇၅ ခုနှစ် ဧပြီလက အကောင်ပေါက်ဖွားခဲ့ခြင်းဖြစ်ရာ အသက် ၃၅ နှစ်ရှိပြီဖြစ်သည်။ အဖြူရောင်ဖြစ်ပြီး ချိုးငှက်အထီးဖြစ်ရာ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးချိုးငှက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်)



ကမ္ဘာ့အရှည်ဆုံး အိမ်မွေးရွှေငါး

နယ်သာလန်နိုင်ငံ ဟာပက်မြို့တွင် ဂျိုရစ်ဂတ်စဘာအမည်ရှိ အမျိုးသားတစ်ဦး မွေးမြူထားသော ရွှေငါးတစ်ကောင်သည် အရှည် ၁၈ ဒသမ ၇ လက်မရှိပြီး အလေးချိန် ပေါင် ၂၀ ခန့်ရှိရာ ကမ္ဘာပေါ်၌ အရှည်ဆုံးအိမ်မွေး ရွှေငါးတစ်ကောင်အဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး မော်တော်ဆိုင်ကယ်

အမေရိကန်နိုင်ငံသားဒွန်ဟမ်းတီထွင်ပြုလုပ်ထားသော ဆိုင်ကယ်ဖြစ်သည်။ ယင်းမော်တော်ဆိုင်ကယ်သည် အမြင့် ၁၁ ပေ၊ ၃ လက်မရှိပြီး အရှည် ပေ ၂၀နှင့် ၄ လက်မရှိသည်။ မော်တော်ဆိုင်ကယ်တစ်စီးလုံး၏ အလေးချိန်မှာ ၂ ဒသမ ၉၄၈ တန်ရှိပြီး ဆိုင်ကယ်ဘီးအမြင့်မှာ ၆ ပေ၊ ၂ လက်မ ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး မော်တော်ဆိုင်ကယ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တနင်္သာရီတိုင်းအတွင်း ငါး၊ ပုစွန်ဖမ်းခြင်းလုပ်ငန်းကို ခေတ်မီ ငါးဖမ်းရေယာဉ်များအသုံးပြုကာ ဤသို့ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော တနင်္သာရီတိုင်းမှ ငါး၊ ပုစွန်ဖမ်းလုပ်ငန်း

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း ➤ ဖွန်မောင်မောင်၊ စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့သည် မြန်မာနိုင်ငံ၏ တောင်ဘက်တွင် တည်ရှိသည်။ မန္တလေး၊ ရန်ကုန်မြို့များမှ မြိတ်မြို့သို့လည်းကောင်း၊ ဝိတိုရိယအငူ ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီမြို့ကြီးများသို့လည်းကောင်း လူနှင့် ကုန်ပစ္စည်းများကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းခရီးတို့ဖြင့် အလွယ်တကူ အလျင်အမြန် နေ့ညမရွေး သွားလာသယ်ယူနိုင်ခဲ့၍ တနင်္သာရီကမ်းရိုးတန်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်ဝေဆာလာခဲ့သည်။ ဤအချက်ကား မြိတ်ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကသော့ချက်ပင်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

ကိုသစ္စာ ➤ ရေးသားသည်

ကမ္ဘာ့အသေးဆုံး ဂျက်လေယာဉ်ငယ်

အမေရိကန်နိုင်ငံသား ဂျွန်ဂျီမီနက်စ်က ဒီဇိုင်းပြုလုပ်ကာ ထုတ်လုပ်သည့် ဂျက်လေယာဉ်ဖြစ်သည်။ ထုတ်လုပ်သည့်နှစ်မှာ ၂၀၀၄ ခုနှစ်က ဖြစ်သည်။ လူနှစ်ဦးသာ စီးနင်းလိုက်ပါနိုင်သည်။

ယင်း ဂျက်လေယာဉ်မှာ အရှည် ၁၂ပေရှိပြီး လေယာဉ် တစ်စင်းလုံး အလေးချိန်မှာ ၃၅၈ပေါင်ရှိသည်။ ဂျက်လေယာဉ် အမျိုးအစားမှာ ဘီဒီ-၅ဂျေ ဖြစ်သည်။

ပျံသန်းနှုန်း

ဘီဒီ-၅ဂျေ ဂျက်လေယာဉ်၏ ပျံသန်းနိုင်မှုနှုန်းမှာ တစ်နာရီ မိုင် ၃၀၀ဖြစ်သည်။ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ဂျက်လေယာဉ် အဖြစ်မှတ်တမ်းတင်ခြင်းခံရသည်။ *(အင်တာနက်)*

ထူးခြားသည့် နေ့အပူချိန်

၂၅-၄-၂၀၁၀

ချောက်မြို့	၄၄ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်